ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်၊ အင်္ဂါနေ့၊ (6-1-2004)(၄၁၀၇)

ယနေ့ထုတ်စောင်ရေ ၁၆၇၅၀၅

သိပ္ပဉ္စ
တော် မင်္ဂလ မုတ္တမံ။

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတကာဖြစ်စဉ်ဖြစ်ရပ်များကို မပြတ်သည့် အမျိုးသားရေးသတိဖြင့် ရှုမြင် မြန်မာနိုင်ငံနှင့်မြန်မာလူမျိုး ရေရှည်အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက် ဘေးပယောဂ သွေးထိုးသပ်လျှိုမှုများ၏ အရင်းအမြစ်ကို ပညာသတိဖြင့် ရှုမြင်ရှောင်ရှား ကျောင်းသားကျောင်းသူများကို အမျိုးသားရေးလမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနိုင်ရန် လေ့ကျင့်ပျိုးထောင်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါသင်တန်းဖွင့် အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် အမိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အနာဂတ်တည်တံ့ခိုင်ခံ့စေရေးနှင့် နိုင်ငံတကာ့အလယ်တွင် ဝင့်ဝင့်ကြွားကြွား ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်၏အနာဂတ်ကို ဖန်တီးကြရမည့် မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များကို နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စေမည့် ပညာရပ်ဆိုင်ရာ စွမ်းအား၊ စိတ်ဓာတ်ရေးရာစွမ်းအား၊ လူမှုရေးဆိုင်ရာစွမ်းအားတို့ ပြည့်ဖြိုးခိုင်မာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးထားနိုင်ဖို့သည် နိုင်ငံတော်အတွက် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်ပင်ဖြစ်ကြောင်း။

အရေးပါ

အမျိုးသားရေးလိုအပ်ချက် ပီပြင်ပြည့်ဝစွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရေးမှာလည်း မျိုးဆက်သစ်လူငယ်များကို မူလတန်းအရွယ်ကျောင်းသူ၊ ကျောင်းသားဘဝကစတင်ပြီး တက္ကသိုလ်ကောလိပ်များကနေ ဘွဲ့ဒီဂရီရရှိသည်အထိ လေ့ကျင့်ပျိုးထောင်ပေးနေကြသည့် အခြေခံပညာ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်နှင့် ကောလိပ် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးပါလှကြောင်း။

ယခုလို မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်၏ လိုလားချက်နှင့်အညီ ပြုစုပျိုးထောင်ပေးနေသည့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတကာ အခြေအနေများနှင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ ရှေ့အနာဂတ်အလားအလာများ၊ နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်းချက်များကို နားလည်သဘောပေါက်စေခြင်းအားဖြင့် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်တွေကို ပိုမိုပြီး ပီပြင်စွာ ထမ်းဆောင်နိုင်ကြမှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းများကို နိုင်ငံတော်အစိုးရက အလေးထား ဖွင့်လှစ်ပေးခဲ့ရာတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအတွက် သင်တန်းသုံးကြိမ်နှင့် အခြေခံပညာ ဆရာမများအတွက် သင်တန်း ၅၄ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးမှာ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရမည်ဆိုသည့် သဘောထားခံယူချက်နှင့်အညီ တက္ကသိုလ်၊ ကောလိပ် ၁၅၄ ခုကို တစ်နိုင်ငံလုံး ဖြန့်ကြက်ထူထောင်ပေးထားပြီဖြစ်သည့်အတွက် အသစ်တိုးပွားလာသော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ၊ အဆင့်ဆင့် ရာထူးတိုးမြှင့်လာကြသည့် တက္ကသိုလ်၊ ကောလိပ် ဆရာမများ တိုးတက်များပြားလာသည့်အလျောက် တက္ကသိုလ်၊ ကောလိပ်ဆရာမများ၏ အထူးမွမ်းမံသင်တန်းများကို ပြန်လည်ဖွင့်လှစ်ရခြင်းပဲ ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆-၁-၂၀၀၄
(အင်္ဂါနေ့)

စည်းလုံးညီညွတ်မှုအစဉ်အလာ ဆက်လက်ထိန်းသိမ်း နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းစွမ်းဆောင်

ငြိမ်းဖောင်ဒေးရှင်းက ဂုဏ်ပြုတည်ခင်းသည့် ကချင်ရိုးရာမလေ့ အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲကို ဒီဇင်ဘာလ ၂၉ ရက်နေ့ ညက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မလိခရိပ်သာမြက်ခင်းပြင်၌ ကျင်းပခဲ့ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကချင်ရိုးရာ အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲ၌ ငြိမ်းချမ်းရေး အကျိုးတော်ဆောင် လူကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားဧည့်သည်တော်များ၊ ဒေသခံ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် တွေ့ဆုံ အမှာစကားပြောကြားရာတွင် **ယခုလို ဘေးဘိုးစဉ်ဆက် ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ရင်း မိမွေဘမွေဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့်တာဝန်သည် ယနေ့ အမွေဆက်ခံ ရပ်တည်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးတိုင်းအတွက် အမျိုးသားရေးတာဝန်ပင်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသောနိုင်ငံဖြစ်သည်။ နှစ်ပေါင်းများစွာ ရှည်လျားသည့်သမိုင်းစဉ်တစ်လျှောက်တွင် ဘိုးဘေးဘီဘင် အစဉ်အဆက်ကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမ သွေးချင်းသားရင်းများ တစ်စိတ်တည်းတစ်ဝမ်းတည်း ပေါင်းစည်းချစ်ကြည်စွာ နေထိုင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တိုင်းရင်းသားလူမျိုးများ အားလုံးအပေါ်တွင် ဖြူစင်သောမေတ္တာစေတနာထားရှိသည်။ တိုင်းရင်းသားလူမျိုးများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွင်း နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ နယ်စပ်ဒေသနေ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝ မြင့်မားရေးအတွက် လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် အုပ်ချုပ်ရေးယန္တရားနှင့်အလှမ်းကွာနေသည့် ကျေးလက်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အထူးအစီအမံများကိုလည်း ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထို့မှုမက ပြည်ထောင်စုကြီးအတွင်း အကြားအလပ်မရှိ ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

သာဓကအားဖြင့် ကချင်ပြည်နယ်တွင် မြစ်ကြီးနားမြို့အပြင် ဗန်းမော်ဒေသကို အထူးဒေသကြီးအဖြစ်သတ်မှတ်၍ ဒီဂရီကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးတို့ကို ထူထောင်ပေးထားပြီဖြစ်သည်။

ထို့အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီးများ၌ မပါဝင်သော်လည်း အချက်အချာကျသော နေရာဒေသများတွင် ပညာရေး၊ ကျန်းမာရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဒီဂရီကောလိပ်နှင့် ခုတင်၁၀၀ ဆံ့ဆေးရုံတို့ကို ထပ်မံထူထောင်ပေးထားသည့်အပြင် အစိုးရစက်မှုလက်မှုသိပ္ပံ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်ကဲ့သို့ပင် အခြားသော ဒေသအသီးသီးတွင်လည်း နယ်မြေဒေသ၏ လိုအပ်ချက်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို တွေ့မြင်နေရပြီဖြစ်သည်။ ယခုကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို မျှဝေခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးက ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများကို ဆက်လက်ထိန်းသိမ်းရင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၀၄)ထုတ်ပြန်

(ယမန်နေ့မှအဆက်)

စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

၇၇။ ဦးအောင်မိုး၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊ မဟာဓာတ်အားလိုင်းမှူးရုံး (တောင်ငူ)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၇၈။ ဦးသက်ပိုင်မျိုး၊ လက်ထောက်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး (ကျောက်ဆည်)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၇၉။ ဦးစိုးသိမ်း၊ လက်ထောက်အင်ဂျင်နီယာ၊ သာကေတဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၈၀။ ဦးလှမြင့်၊ အုပ်စုမှူး(၃)၊ ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ် (ပထမဆင့်)

၁။ ဦးလှကြည်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၂။ ဗိုလ်မှူးကြီးဝင်းမောင်၊ ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၃။ ဗိုလ်မှူးကြီးအောင်ဆန်းဝင်း၊ ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၄။ ကြည်း ၁၁၇၈၂ ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မှူး၊ တပ်မတော်မှတ်တမ်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၅။ ကြည်း ၁၂၄၉၅ ဗိုလ်မှူးကြီးကျော်မြင့်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၆။ ကြည်း ၁၂၀၁၁ ဗိုလ်မှူးချုပ်ခင်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၇။ ကြည်း ၁၂၃၀၂ ဗိုလ်မှူးချုပ်မြင့်ဇော်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၈။ ကြည်း ၁၂၆၀၅ ဗိုလ်မှူးချုပ်လှအောင်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၉။ ကြည်း ၁၃၇၂၆ ဗိုလ်မှူးကြီးတင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၀။ ရေ ၁၂၁၉ ဗိုလ်မှူးကြီးငွေထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၁။ လေ ၁၇၁၉ ဗိုလ်မှူးကြီးစည်သူ၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၂။ ဒေါက်တာသိမ်းငွေ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၁၃။ ဦးမျိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြံလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၁၄။ ဦးစိုးတင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၁၅။ ဦးမြသန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၁၆။ ဦးဗိုလ်သန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၁၇။ ဦးညွန့်တင်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ အော်တာဝါမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၁၈။ ဦးအေး၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ကင်ဘာရာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၁၉။ ဦးကျော်မြင့်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဂျာကာတာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၀။ ဦးကြာညိုချစ်ဖေ၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဘဲလ်ဂရိတ်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၁။ ဦးမျိုးမြင့်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၂။ ဦးသန်းထွန်း၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ကိုလံဘိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၃။ ဦးကျော်သူ၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၄။ ဦးလင်းမြိုင်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၅။ ဒေါက်တာ အောင်နိုင်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ တိုကျိုမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၆။ ဦးတင်ထွန်း၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ မနီလာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊။
၂၇။ ဦးအုန်းသွင်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဒါကာမြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၈။ ဦးခင်အောင်၊ သံအမတ်ကြီး၊ မြန်မာသံရုံး၊ ဟန္နွိုင်မြို့၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၂၉။ ဦးသိန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန။
၃၀။ ဦးတင့်တယ်၊ ညွှန်ကြားရေးမှူးချုပ်၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၃၁။ ဗိုလ်မှူးကြီး ကိုကိုကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၃၂။ ဦးအောင်ဘွား၊ ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန။
၃၃။ ဦးလှသိန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ် (၂) သတ္တုတွင်းဝန်ကြီးဌာန။
၃၄။ ဦးခင်မောင်လတ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။
၃၅။ ဦးငွေအောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန။
၃၆။ ဦးမောင်မောင်တင်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၃၇။ ဦးကျော်စိုး၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။
၃၈။ ဦးဝင်းကျော်၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၉။ ဒေါက်တာ စိုးရင်၊ ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၄၀။ ဒေါက်တာ စိုးဝင်း၊ ပါမောက္ခချုပ်၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၄၁။ ဒေါက်တာညွန့်လွင်၊ ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၄၂။ ဒေါက်တာမြင့်သိန်း၊ ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၄၃။ ဦးကံဇော်၊ ပါမောက္ခချုပ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၄၄။ ဒေါက်တာ ခင်ဇော်၊ ပါမောက္ခချုပ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၄၅။ ဒေါက်တာမြတ်မိုး၊ ပါမောက္ခချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ကျန်းမာရေးဝန်ကြီးဌာန။

စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးတီခွန်မြတ်၊ ခရိုင်ဥပဒေအရာရှိ၊ လားရှိုးခရိုင် ဥပဒေရုံး၊ ရှေ့နေချုပ်ရုံး။
၂။ ဦးတင်ဘွိုင်း၊ ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။
၃။ ဦးတင်အောင်၊ ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး။
၄။ ဒေါ်ခင်ပို၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန။
၅။ ဦးထန်းမောင်ဖေ၊ ဌာနကြီးမှူး (အုပ်ချုပ်ရေး)၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၆။ ဦးငွေလွင်၊ ဌာနကြီးမှူး (သင်တန်းရေးရာ)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၇။ ဦးခင်မောင်အေး၊ ပါမောက္ခ (ပညာရေးစိတ်ပညာဌာန)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၈။ ဒေါ်ခင်ဝင်း၊ ပါမောက္ခ (ပညာရေးသဘောတရားဌာန)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။
၉။ ကြည်း ၁၅၄၄၄၊ ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်သန်း၊ အမှတ် (၂) တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၀။ ကြည်း ၁၅၄၄၉၊ ဒုတိယဗိုလ်မှူးကြီး ဇော်လင်းထွန်း၊ အမှတ် (၇) တိုက်ပွဲဝင် စည်းရုံးရေး သင်တန်းကျောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၁။ ကြည်း ၁၂၃၄၃၊ ဗိုလ်မှူးစောသိန်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ မင်္ဂလာဒုံ။
၁၂။ ကြည်း ၁၃၉၇၄၊ ဒုတိယ ဗိုလ်မှူးကြီး မျိုးလွင်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၁၃။ ဦးစံလင်း၊ အထွေထွေမန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၁၄။ ဦးမောင်နီ၊ စက်ရုံမှူး၊ ပလိပ် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၁၅။ ဦးရဲတင့်၊ အထွေထွေမန်နေဂျာ(ကုန်ထုတ်)ရုံးချုပ်၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။
၁၆။ ဦးစိုးညွန့်၊ အင်ဂျင်နီယာချုပ်(အဆောက်အအုံ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၁၇။ ဦးသန်းညွန့်၊ အင်ဂျင်နီယာမှူး(မြို့ပြ)၊ မအီ-ကျောက်ဖြူလမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၁၈။ ဦးတင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သမဝါယမဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန။
၁၉။ ဦးတင့်လွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန။
၂၀။ ဦးလှကြူ၊ အကြံပေးအရာရှိ၊ သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံး။
၂၁။ ဦးကျင်လင်း(ပ/၃၈၇၂)၊ တိုင်းအုပ်ချုပ်ရေးမှူး၊ မန္တလေးတိုင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။
၂၂။ ဦးရဲမြင့်ဖေ၊ စာတည်းမှူးချုပ်၊ ကြေးမုံသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂၃။ ဦးဝင်းတင်၊ စာတည်းမှူးချုပ်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂၄။ ဦးမျိုးလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်။)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်အုပ်ချုပ်ရေးကောင်စီ၏ ခေါင်းဆောင်များနှင့် လာမည့်ဇန်နဝါရီ ၁၉ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂ ဌာနချုပ်၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

အဆိုပါဆွေးနွေးပွဲတွင် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ ကုလသမဂ္ဂ ပါဝင်လှုပ်ရှားနိုင်မည့် အနေအထားများနှင့်ပတ်သက်၍ ဆွေးနွေးမည် ဖြစ်သည်။

အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ၏ ဝန်ထမ်းများအား ပြန်လည်စေလွှတ်ရေးမှာ လုံခြုံရေး အခြေအနေပေါ် မူတည်နေသည်။

အီရတ်နိုင်ငံတွင် အမေရိကန်ကျူးကျော်စစ်ကြောင့် မြေစာပင်ဖြစ်ခဲ့ရသော အပြစ်မဲ့ပြည်သူလူထုမှာ လူနေမှုဘဝ ဒုက္ခသောင်းပြောင်းကို ခါးစည်းကာ ခံစားနေရချိန်တွင် ကုလသမဂ္ဂက လူသားချင်းစာနာ ထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်ပေးလိုသော်လည်း ကုလသမဂ္ဂဝန်ထမ်းများ၏ အသက်ဘေးအန္တရာယ် လုံခြုံရေးစိတ်ချရခြင်း မရှိသမျှ ကာလပတ်လုံး ကုလသမဂ္ဂ၏ အကူအညီပေးရေးလုပ်ငန်းများကို အီရတ်နိုင်ငံတွင် စွမ်းအားပြည့် လုပ်ဆောင်နိုင်မည် မဟုတ်ပေ။

သယ်ဆောင်

သေနတ် သမားများ၏ ပစ်ခတ်မှုကြောင့် ခြေထောက်တွင် ဒဏ်ရာရရှိသွားသည့် အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးအား တီကရစ်မြို့ရှိ အခြေစိုက်စခန်း၌ ဆေးဝါးကုသမှုခံယူရန် သယ်ဆောင်လာစဉ်။

လုံခြုံရေး စောင့်ကြပ်

ဇန်နဝါရီ ၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ စစ်ဆေးရေးစခန်းတစ်ခုတွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးနှင့် အီရတ်အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးတို့ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် နှစ်သစ်ကူးညက ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်အတွက် လုံခြုံရေးကို ပိုမိုတင်းကျပ်ထားသည်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌ ကုလသမဂ္ဂ ပါဝင်နိုင်မည့် အနေအထား ဆွေးနွေးမည်

ကြည့်ရှု

ဇန်နဝါရီ ၂ ရက်က မြို့တော် ဘဂ္ဂဒက် တောင်ဘက်တွင် ကင်းလှည့်ထွက်လာသော အမေရိကန်တပ်ဖွဲ့မှ စစ်ယာဉ်များကို ပစ်မှတ်ထားသည့် ဗုံးဖောက်ခွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ယင်းနေရာ၌ ကျင်းကြီး ဖြစ်ပေါ်ကျန်ခဲ့သည်ကို အီရတ်များ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ရှာဖွေစစ်ဆေးမှုများ တိုးမြှင့်ပြုလုပ်

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် နှစ်သစ်ကူးညက ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးကို ပိုမိုတင်းကျပ်ထားသည်။ မြို့တော်ဘဂ္ဂဒက်တွင် ရှာဖွေစစ်ဆေးမှုများကို တိုးမြှင့်ပြုလုပ်လျက်ရှိရာ မသင်္ကာသူ အီရတ် အမျိုးသားများကို ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ခုခံတွန်းလှန်သူများက အမေရိကန်တပ်ဖွဲ့ဝင်များကို ဆက်လက်တိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်များကို နည်းဗျူဟာ ပြောင်းလဲတိုက်ခိုက်နေ

ဘဂ္ဂဒက် ဇန်နဝါရီ ၄

အီရတ်ခုခံတွန်းလှန်သူများက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို ဆက်လက်တိုက်ခိုက်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့များကလည်း သံသယရှိသည့် အီရတ်လက်နက်ကိုင်များကို ပစ်မှတ်ထားကာ ထိုးစစ်ဆင်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအခါတွင် အီရတ်လက်နက်ကိုင်များသည် အမေရိကန်တပ်ဖွဲ့ဝင်များကို နည်းဗျူဟာ ပြောင်းလဲတိုက်ခိုက်လာကြကြောင်း သိရသည်။

အမေရိကန်စစ်ဘက် ရဟတ်ယာဉ်တစ်စင်း ဖော်လူဂျာမြို့အနီးတွင် ပစ်ချခံလိုက်ရသောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိသွားသည်။

အယောင်ဆောင်

၎င်းတိုက်ပွဲ ဖြစ်ပွားရာနေရာသို့ အမေရိကန်အမှတ်(၈၂) လေကြောင်းချီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ရောက်ရှိသည့် အခါတွင် ၎င်းတပ်ဖွဲ့ဝင်များကို မော်တော်ယာဉ်နှစ်စီးပေါ်မှ သတင်းထောက် အယောင်ဆောင်ထားသူများက လက်နက်ငယ်များ အပါအဝင် ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ကြကြောင်း သိရသည်။

မီးလောင်

ယင်းအပြင် အမေရိကန် စစ်ဘက်ယာဉ်တန်းတစ်ခုသည် လမ်းဘေးဗုံးပေါက်ကွဲ ထိမှန်ခံရသည့်အပြင် လောင်စာဆီ ဂါလန်ငါးထောင် သယ်ဆောင်သည့် ထရပ်ကားတစ်စီးသည်လည်း ဒုံးပစ်လောင်ချာနှင့် လက်နက်ငယ်များ ထိမှန်ပေါက်ကွဲပြီး မီးလောင်သွားကြောင်း သိရသည်။

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန် တပ်ဖွဲ့ဝင်များကို အီရတ်လက်နက်ကိုင်များက တိုက်ခိုက်မှုများသည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် ပျမ်းမျှခြင်းအားဖြင့် တစ်ရက်လျှင် အကြိမ်(၃၀)ခန့် ရှိခဲ့ရာမှ ယခုအခါတွင် တစ်ရက်လျှင် အကြိမ် (၂၀)ခန့်သာ ရှိတော့ကြောင်း အမေရိကန်တပ်ဖွဲ့က ပြောကြားနေသော်လည်း အမေရိကန်တပ်ဖွဲ့များကို တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲရှိသည့်အပြင် တိုက်ခိုက်မှု နည်းဗျူဟာများလည်း ပြောင်းလဲလာကြောင်း သိရသည်။

ယင်းအတောအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀ ကျော် လှည့်လည်ကာ လုံခြုံရေးစောင့်ကြပ်နေရပြီး အကြမ်းပတမ်း ဝင်ရောက်စီးနင်းတိုက်ခိုက်မှု (၂၈)ကြိမ် ပြုလုပ်ခဲ့ကြောင်း စီအင်န်အင်န်က ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်ကလေးငယ်များ ကြည့်ရှု

ဇန်နဝါရီ ၄ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အာရပ်ဂဘိုယာ ခရိုင်၌ နေအိမ်တစ်အိမ်အပြင်ဘက်၌ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်သည့် စိန်ပြောင်းကြောင့် ဖြစ်ရသည့် ချိုင့်ခွက်ကြီးအား အီရတ်ကလေးငယ်များ ကြည့်ရှုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်၍ ကားပေါ်ပါ အီရတ်လေးဦး သေဆုံး

တီကရစ် ဇန်နဝါရီ ၄

အီရတ်နိုင်ငံမြောက်ပိုင်းရှိ တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ကားတန်းက ကျော်တက်သည့် ကားတစ်စီးကို သေနတ်ဖြင့် ပစ်သဖြင့် အမျိုးသမီးတစ်ဦး၊ ကလေးငယ်တစ်ဦး အပါအဝင် အီရတ်လေးဦး တနင်္ဂနွေနေ့က သေဆုံးကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

ချက်ဗရိုလက် ကက်ပရိုက်ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့က အချက်ပေါင်း ၂၇ ချက်အထိ ပစ်ခတ်ပြီးနောက် မော်တော်ကားမှာ ဘီးချော်သွားကာ စီးနင်းလိုက်ပါသူ လေးဦး သေဆုံးသွားသည်ဟု တီကရစ်မြို့ ရဲမှူးကြီး တူစမာ အဗ္ဗဒဲဂဖားက ပြောဆိုသည်။

အင်တာနက်။

အီရတ်နိုင်ငံတွင် ရထားတစ်စင်း ဒုံးပစ်လောင်ချာဖြင့် အပစ်ခံရ

ဘဂ္ဂဒက် ဇန်နဝါရီ ၄

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် ခုခံတွန်းလှန်ရေး ပြောက်ကျားများက တိုက်ခိုက်သည့်အတွက် ရထားတစ်စင်း လမ်းချော်သွားကြောင်း အမေရိကန် စစ်ဘက်က စနေနေ့တွင် ကြေညာသည်။

ပစ်ခတ်တိုက်ခိုက်

ဟာဘာရီယာသို့လာသည့် အီရတ်ရထားကို ခုခံတွန်းလှန်ရေးပြောက်ကျားများက သောကြာနေ့တွင် ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း အမှတ်(၈၂) လေကြောင်းချီတပ်မက ကြေညာသည်။

ပြောက်ကျားများသည် အမေရိကန်စစ်တပ်အတွက် စားနပ်ရိက္ခာနှင့် ပစ္စည်းကိရိယာများ သယ်ဆောင်လာသည့် ရထားများကို ယခင်ကလည်း ချောင်းမြောင်းတိုက်ခိုက်ခဲ့သည်။

တည်ရှိ

ဟာဘာနီယာသည် ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ကီလိုမီတာ ၈၀ အကွာတွင်ရှိသည့် ရာမာဒီနှင့် ဖော်လူဂျာမြို့များ တည်ရှိရာ အယ်အန်ကာပြည်နယ်အတွင်း၌ပင် တည်ရှိသည်။

မီးလောင်

ရာမာဒီမြို့အနီးတွင် မော်တော်ကားတန်းနှင့်အတူ မောင်းနှင်လာသည့် ရေနံသယ် မော်တော်ကားမှာ လမ်းဘေးဗုံးကွဲထိမှန်ပြီး သောကြာနေ့က မီးလောင်သွားသည်။

အင်တာနက်။

ကင်းလှည့်စောင့်ကြပ်

ဘဂ္ဂဒက်မြို့ ကာရာဒါဒေသတွင် အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက် ဟမ်းဗီးစစ်ကား၏ခေါင်မိုးပေါ်တွင် လုံခြုံရေးစောင့်ကြပ်လျက်ရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်လေယာဉ် ပင်လယ်နီအတွင်း ပျက်ကျ လေယာဉ်ပေါ် လိုက်ပါလာသူ ၁၄၈ ဦးစလုံး သေဆုံး

ရှမ်အယ်ရှိတ်(အီဂျစ်) ဇန်နဝါရီ ၄

လူ ၁၄၈ ဦး လိုက်ပါလာသည့် အီဂျစ်နိုင်ငံပိုင် ဘိုးအင်း-၇၃၇ လေယာဉ်တစ်စင်းသည် ရှမ်အယ်ရှိတ် အပန်းဖြေ စခန်းမြို့အနီး ပင်လယ်နီအတွင်းသို့ စနေနေ့က ပျက်ကျခဲ့သည့်အတွက် လေယာဉ်ပေါ် လိုက်ပါသူအားလုံး သေဆုံးခဲ့ရသည်။

— လိုက်ပါ —

လေယာဉ်ပေါ်တွင် လိုက်ပါသူအများစုမှာ နှစ်သစ်ကူးကာလ မိသားစုများနှင့် နားရက် နွဲပျော်ရန် သွားရောက်ကြသည့် ပြင်သစ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များ ဖြစ်ကြသည်။

— စင်းလုံးငှားလေယာဉ် —

အီဂျစ်နိုင်ငံမှ စင်းလုံးငှားကုမ္ပဏီ ဖြစ်သည့် ဖလက်ရှ် လေကြောင်းလိုင်းက ငှားရမ်းထားသည့် အဆိုပါ လေယာဉ်သည် ရှမ်အယ်ရှိတ် လေဆိပ်မှ တက်ပြီးနောက် မိနစ်အနည်းငယ်အကြာတွင် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားကာ ပင်လယ်နီတွင်းသို့ ပျက်ကျခဲ့သည်။

လေယာဉ်ပျက်ကျခြင်းမှာ စက်ချွတ်ယွင်းမှုကြောင့်ဖြစ်ကြောင်း အီဂျစ်မြို့ပြလေကြောင်းပို့သန်းရေးဝန်ကြီး အာမက်မိုဟာမက်ရှာဖစ်ဇာလီက ပြောကြားပြီး အကြမ်းဖက်တိုက်ခိုက်ခံရမှု လက္ခဏာ မတွေ့ရှိရကြောင်း ဝါရင့်လက်ထောက်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်မြောက်ပိုင်း ကယ်ကွတ်မြို့မှ ပစ်ခတ်မှုများ၌ လူသုံးဦး ဒဏ်ရာရရှိ

ကယ်ကွတ် ဇန်နဝါရီ ၄

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် ပစ်ခတ်မှုနှစ်ရပ် ဖြစ်ပွားစဉ်အတွင်း အီရတ်မှ အာရပ်လူမျိုးနှစ်ဦးနှင့် တာ့ခ်တစ်ဦးတို့ ဒဏ်ရာရသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သေနတ်ဖြင့်ပစ်

အခြား ပစ်ခတ်မှုတစ်ရပ်မှာ အမည်မသိ တိုက်ခိုက်ရေးသမားများက တာ့ခ်ပါတီဌာနချုပ် အဆောက်အအုံကို သေနတ်ဖြင့် ပစ်သဖြင့် အစောင့်တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ကယ်ကွတ်မြို့ ရဲမှူးကြီး ခါတက်အဗ္ဗဒူလာက ပြောကြားသည်။

မထိမှန်

ထို့ပြင် အမည်မသိသူများက လက်ပစ်ဗုံးတစ်လုံး ပစ်ခတ်သော်လည်း ထိပ်တန်းအာရပ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆာဘားဇီဒိန်း၏ နေအိမ်ကို မထိမှန်ဟု သိရသည်။

ညမထွက်ရ

အမေရိကန်တပ်ဖွဲ့ဝင်များက ကယ်ကွတ်မြို့တွင် ညမထွက်ရအမိန့် ထုတ်ပြန်ထားသည်။ *အင်တာနက်။*

သားအကြီးဆုံးက တိုက်ပွဲတွင် သေဆုံးပြီး ခင်ပွန်းနှင့် သားလေးဦး အဖမ်းခံရ အီရတ်အမျိုးသမီးကြီး ခါဒီဂျာမှာ ဘဝကို တစ်ကိုယ်တည်း ရင်ဆိုင်ရုန်းကန်နေရရှာ

ဘာကူဘာ(အီရတ်) ဇန်နဝါရီ ၄

အီရတ်အမျိုးသမီးကြီးတစ်ဦးဖြစ်သူ ခါဒီဂျာ၏ အကြီးဆုံးသား အာမက်မှာ အီရတ်သို့ အမေရိကန်များ ကျူးကျော်သည့်စစ်ပွဲတွင် သေဆုံးခဲ့သည်။ ယခုအခါတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် သူမ၏ ခင်ပွန်းသည်နှင့် သားလေးဦးတို့ကို ဖမ်းဆီးခဲ့ရာ ခါဒီဂျာမှာ တစ်ကိုယ်တည်း ရုန်းကန်အသက်ရှင် ရပ်တည်နေရရှာသည်။

ယခုအခါတွင် မိမိအနေဖြင့် ဘာလုပ်နိုင်မည်နည်း။ ခင်ပွန်းဖြစ်သူနှင့် သားဖြစ်သူများကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားရာ မိမိမှာ တစ်ကိုယ်တည်းဖြစ်နေရကြောင်း ခါဒီဂျာက ပြောကြားသည်။ မကြာခဏ တိုက်ခိုက်မှုများဖြစ်ပွားရာ ဘာကူဘာမြို့ ဆင်ခြေဖုံးမှ အခြားအီရတ်အမျိုးသမီးများကဲ့သို့ သူမမှာ ဘဝကို တစ်ကိုယ်တည်း ရုန်းကန်ရှင်သန်နေရသည်။

မိမိ၏သားဖြစ်သူမှာ အာဇာနည်တစ်ဦးဖြစ်ကြောင်း၊ မိမိ၏ခင်ပွန်းဖြစ်သူနှင့် ကျန်သည့်သားများကိုလည်း အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ခင်ပွန်းဖြစ်သူနှင့် သားများကို ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စီးနင်းဝင်ရောက်မှုကြောင့် မှန်ပြတင်းပေါက်များမှ မှန်များလည်း ကွဲအက်ကြေမွနေသည့်အတွက် ပြတင်းပေါက်များကို ပလတ်စတစ်စများဖြင့် ဖုံးအုပ်ထားရသည်။

ဘာကူဘာမြို့သည် ဆက်ဒမ်ဟူစိန်ကို အားပေးထောက်ခံကြပြီး အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေးတပ်ဖွဲ့များအပေါ် မကျေနပ်မှုက ပြင်းထန်လှသည်။ အီရတ် ခုခံတွန်းလှန်သူများ၏ အမြဲတစေ တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့များသည် အီရတ် ခုခံတွန်းလှန်သူများနှင့် အဆက်အသွယ်ရှိသည့် အီရတ်နိုင်ငံသား အများအပြားကို ဖမ်းဆီးထားသည်။

ယခုသီတင်းပတ်အတွင်းက ဘာကူဘာမြို့ ဘက်-အယ်ဒါခရိုင်အတွင်း စီးနင်းဝင်ရောက်ရှာဖွေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အမျိုးသားအချို့ကို ဖမ်းဆီးခေါ်ဆောင်သွားရာ ဘေးကျပ်နံကျပ်ဆိုက်နေသည့် အမျိုးသမီးကြီးများမှာ ၎င်းတို့ဘာသာ ၎င်းတို့ ရုန်းကန်လှုပ်ရှားနေရသည်။

အမ်အင်အေ၊ရိုက်တာ။



တီကရစ်မြို့တွင် အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ်ကာကွယ်ရေးတပ်ဖွဲ့များအတွင်း သဘောထားကွဲလွဲနေ

တီကရစ်(အီရတ်) ဇန်နဝါရီ ၄

တီကရစ်မြို့ လမ်းကျဉ်းကလေးတစ်ခုအတွင်း ကင်းလှည့်နေကြသည့် အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် အဆေးပြေးလမ်းမကြီးပေါ်သို့ ရောက်ရှိလာကြသည်။

ထိုအခါ အချို့သော ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် မျက်နှာပေါ်သို့ တဘက်များ ဖုံးအုပ်လိုက်ကြသည်။ ထိုသို့ ပြုလုပ်လိုက်ကြခြင်းမှာ ၎င်းတို့အား အခြားသော အီရတ်များက မှတ်မိသွားကြပြီး အီရတ် ခုခံရေးသမားများက အမေရိကန်နှင့် ပူးပေါင်းသူများအဖြစ် တိုက်ခိုက်ခံရမည်ကို စိုးရိမ်ကြသောကြောင့်ဖြစ်ကြောင်း သတင်းများအရ သိရသည်။

အမေရိကန်တို့က အီရတ် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့များကို အီရတ်နိုင်ငံ၏ အရေးပါသော လုံခြုံရေးတပ်ဖွဲ့တစ်ရပ်အဖြစ် ရပ်တည်နိုင်စေရန် ရည်ရွယ်၍ လေ့ကျင့်ပေးခြင်းဖြစ်သည်။ အထက်ပါ ကင်းလှည့်နေကြသော အီရတ်ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၆ ဦးတို့သည် အေကေ-၄၇ မောင်းပြန်ရိုင်ဖယ်သေနတ်များကို ကိုင်ဆောင်ထားကြသည်။

ထိုတပ်ဖွဲ့များကို အမေရိကန်တို့သည် လွန်ခဲ့သောငါးလခန့်က လေ့ကျင့်ပေးထားခဲ့ခြင်းဖြစ်သည်။ ယခုအခါ တီကရစ်မြို့တွင် တာဝန်ထမ်းနေကြသော ကာကွယ်ရေးတပ်ဖွဲ့အတွင်း အနည်းဆုံး တစ်နေရာတွင် အကွဲအပြဲ ရှိလာနေသည်ကို စတင်တွေ့မြင်နေရပြီဖြစ်သည်ဟု ဆိုသည်။

အားနည်း

အီရတ်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို တပ်ဆင်ပေးထားသော လက်နက်များမှာ အားနည်းချို့တဲ့မှုများ ရှိသည်။ ထို့အပြင် အချို့သော ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် သေနတ်ပစ်ခတ်ရန် အလွန်ပင် စိတ်အားသန်နေကြသည့်အတွက် အချင်းချင်းပင် မှားယွင်းပစ်ခတ်သည့် အခြေအနေများပင် ရှိကြောင်း အချို့သော လေ့ကျင့်ရေးဆရာများက ပြောကြားကြသည်။ ထို့ပြင်သာမကသေးဘဲ အီရတ်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့ အား အမေရိကန်တို့နှင့် ပူးပေါင်းသူများအဖြစ် ပစ်မှတ်ထားကာ ပြောက်ကျားများက တိုက်ခိုက်လာမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နေရသေးသည်ဟု ဆိုသည်။ ***အင်တာနက်။***

ဇန်နဝါရီ ၃ ရက်က ဘဂ္ဂဒက်မြို့တော်တွင် ကင်းလှည့်လာသည့် အီရတ် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးသည် ၎င်းအား အခြားအီရတ်များ မမှတ်မိစေရန် မျက်နှာကို ကာကွယ်ထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြည့်ရှု

ဇန်နဝါရီ၄ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရပ်ကွက်တစ်ခုအတွင်း ကျရောက်ခဲ့သည့် အမေရိကန်တို့၏ မပေါက်ကွဲသေးသည့် စိန်ပြောင်းဗုံးသီးတစ်ခုကို အီရတ်ကလေးငယ်များ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ခုခံတွန်းလှန်ရေး အင်အားစုများ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦး သောကြာနေ့က သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၄

အီရတ်နိုင်ငံတွင် နေရာသုံးနေရာ၌ သောကြာနေ့က တိုက်ခိုက်မှုများဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း စစ်ဘက်အရာရှိများက စနေနေ့တွင် ထုတ်ဖော်ပြောဆိုကြသည်။ အီရတ်နိုင်ငံ ဘာလက်မြို့အနီးရှိ အမေရိကန် ရှေ့တန်းတပ်စခန်းကို ခုခံတွန်းလှန်ရေး အင်အားစုများက စိန်ပြောင်းဖြင့် ပစ်ခတ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း အမှတ်(၄) ခြေလျင်တပ်မ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက စနေနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့ တောင်ဘက်တွင် လမ်းဘေးဗုံးပေါက်ကွဲပြီး အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလာသည့် မော်တော်ယာဉ်ကို ထိမှန်သဖြင့် သောကြာနေ့က အမှတ်(၁) သံချပ်ကာ ယန္တရားတပ်မှ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရသွားကြောင်း စနေနေ့က ထုတ်ပြန်ကြေညာသည်။ ဒဏ်ရာရသူများအခြေအနေကို အသေးစိတ် ထုတ်ဖော်မကြေညာပေ။

ထိုနေ့ စောစောပိုင်းကလည်း ဘဂ္ဂဒက်မြို့အနောက်ဘက် ဖော်လူဂျာမြို့အနီးတွင် ခုခံတွန်းလှန်ရေး အင်အားစုများက အမေရိကန်ကြည်းတပ် ရဟတ်ယာဉ်တစ်စင်းကို ပစ်ချလိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရသွားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

ရဟတ်ယာဉ်ပျက်ကျသည့်နေရာကို ဝိုင်းထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို သတင်းစာဆရာများဝတ်သည့် တံဆိပ်ပါ အဝတ်များကို ဝတ်ထားသူ သူများက သေနတ်ဖြင့်ပစ်ခတ်ကြောင်း စစ်ဆင်ရေး ဒုတိယတပ်မှူး ဗိုလ်မှူးချုပ်မတ်ကင်မစ်က ပြောကြားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၍ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေ

ဘဂ္ဂဒက် ဇန်နဝါရီ ၄

ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် သောကြာနေ့က အမေရိကန်ကင်းလှည့်ယာဉ်တန်း ဖြတ်သန်းမောင်းနှင်စဉ် ဗုံးတစ်လုံး ပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များမှာ အမေရိကန်အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်များဖြစ်ကြသည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အီရတ်စစ်ပွဲ စတင်ခဲ့ချိန်နောက်ပိုင်း တိုက်ပွဲတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၃၁ ဦးရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖော်လူဂျာမြို့အနီး ပျက်ကျခဲ့သည့် ရဟတ်ယာဉ်မှ အမျိုးသမီး ရဟတ်ယာဉ်မှူး သေဆုံးခဲ့ဟု ပြောဆို

ကိုလံဘီယာ (တောင်ပိုင်းကာရိုလိုင်နာ) ဇန်နဝါရီ ၃

အသက်(၂၇)နှစ်အရွယ် အမျိုးသမီးဗိုလ်ကြီး ကမ်ဘာလီဟမ်ပတန်သည် အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီးတွင် ရဟတ်ယာဉ်မှူးအဖြစ် သူမ မောင်းနှင်သည့် အိုအိပ်ချ်-၅၈ ကီအိုဝါ ရဟတ်ယာဉ်မှာ ရန်သူပစ်ချမှုကြောင့် ပျက်ကျခဲ့ပြီးနောက် သောကြာနေ့က သေဆုံးခဲ့ကြောင်း ဟမ်ပတန်၏ မိဘများက စနေနေ့တွင် ပြောကြားသည်။

ရဟတ် ယာဉ်ပေါ်တွင် လိုက်ပါသည့် ပူးတွဲရဟတ်ယာဉ်မှူးမှာ ရဟတ်ယာဉ်ပျက်ကျရာ၌ ဒဏ်ရာရရှိခဲ့သည်။

ဟမ်ပတန်သည် အီရတ်နိုင်ငံ၌ တိုက်ပွဲဖြစ်ပွားရာ၌ ပထမဆုံး သေဆုံးခဲ့သည့် တောင်ပိုင်း ကာရိုလိုင်နာမှ အမေရိကန် အမျိုးသမီးတစ်ဦးဖြစ်သည်။ ဟမ်ပတန်၏ ရဟတ်ယာဉ်ကို ဒုံးကျည်ဖြင့် ပစ်သည့်အတွက် ပျက်ကျခဲ့ရခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြောင်း မိမိတို့အား ပြောကြားခဲ့သည်ဟု ဟမ်ပတန်၏ မိဘနှစ်ဦးက ပြောဆိုသည်။

ရဟတ်ယာဉ်မှူးနှစ်ဦး မောင်းရသည့် ကီအိုဝါရဟတ်ယာဉ်သည်ကင်းထောက်ပျံသန်းရန်နှင့် လေ့လာအကဲခတ်ရေး လုပ်ငန်းများ၌ အသုံးပြုရန် ရည်ရွယ် ထုတ်လုပ်ခြင်းဖြစ်သော်လည်း အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်များအတွက် ပစ်မှတ်များရှာဖွေရန် တစ်ခါတစ်ရံ အသုံးပြုတတ်သည်။

တပ်စွဲ

ကမ်ဘာလီဟမ်ပတန်သည် အမှတ်(၈၂) လေကြောင်းချီတပ်မနှင့်အတူ အီရတ်နိုင်ငံ၌ တပ်စွဲထားသည်။

အင်တာနက်။

သာသနာသာစည်ကျောင်းတိုက် တရားစခန်းပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂)ရပ်ကွက် သာသနာသာစည်ကျောင်း ဆရာတော်ဦးဝိဇေယျ(သာသနဓဇဓမ္မာစရိယ) မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက အရှင်သူမြတ်သည် ဇန်နဝါရီ ၉ရက်မှ ၁၅ရက်ထိ မိုးကုတ်ဆရာတော်၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော်တို့ကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ ဇန်နဝါရီ ၈ ရက် ညနေအရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ရွှေရောင်လွှမ်းတဲ့ မြန်မာ့ဂူရှူး

မင်းဦး

အရှေ့တောင်အာရှနှင့် ဒေသဆိုင်ရာ အားကစားပြိုင်ပွဲများတွင် အကြီးအကျယ်ဆုံးဖြစ်ပြီး နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပခဲ့သော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ဗီယက်နမ်နိုင်ငံတွင် (၂၂)ကြိမ်မြောက်အဖြစ် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာအားကစားအဖွဲ့သည် အားကစားနည်း ၃၂မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အားကစားနည်း ၂၉ မျိုးတွင် ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၄၃ခုနှင့် ကြေးတံဆိပ် ၅၀ခု စုစုပေါင်း ၁၀၉ ခုရရှိခဲ့သည်။ အားကစားနည်း ငါးမျိုးမှ ရွှေ၁၆ ခုကိုရရှိခဲ့ခြင်းဖြစ်ပြီး ထိုအားကစားနည်းများထဲမှ ယခုနှစ်ပိုင်းများအတွင်း အောင်မြင်မှုလှေးကားထစ် တစ်ထစ်ပြီးတစ်ထစ် တက်လှမ်းလာခဲ့သော မြန်မာဂူရှူးအဖွဲ့သည် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခြောက်ခု စုစုပေါင်း ဆုတံဆိပ် ၁၇ ခု ရရှိအောင်ပွဲဆင်နွှဲနိုင်ခဲ့သည်။ မြန်မာဂူရှူးအဖွဲ့သည် ယခုနှစ်ပိုင်းများအတွင်း မြန်မာ့အားကစားလောကတွင် စံပြုအားထားရ လောက်အောင် ဒေသဆိုင်ရာပြိုင်ပွဲများအပြင် ကမ္ဘာ့အဆင့်အထိပါ အချိန်တိုတိုဖြင့် ထိုးဖောက်နေရာယူ လွှမ်းမိုးနိုင်ခဲ့သည်ကိုတွေ့ရသည်။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်ဆိုသည့် ခိုင်မာမြင့်မားသည့် ခံယူချက်ဆောင်ပုဒ်ကို သရုပ်ဖော်ပေးနိုင်သည့် အားကစားအဖွဲ့ဟုပင်ဆိုနိုင်ပါသည်။ မြန်မာ့ဂူရှူး၏ သမိုင်းကို အကျဉ်းချုံးပြန်လည်ဖော်ပြရလျှင် ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ကို စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၅ ခုနှစ်မှစတင်၍ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယခုအချိန်ထိ နိုင်ငံတကာပြိုင်ပွဲပေါင်း ၁၂ပွဲမှ ရွှေတံဆိပ် ၂၈ခု၊ ငွေတံဆိပ် ၃၃ ခု၊ ကြေးတံဆိပ် ၃၆ ခု စုစုပေါင်းဆုတံဆိပ် ၉၇ခု ဆွတ်ခူးရရှိခဲ့သည်။ ထိုပြိုင်ပွဲများအနက် ၂၀၀၁ ခုနှစ် အာမေးနီးယားနိုင်ငံတွင် ကျင်းပခဲ့သော (၆)ကြိမ်မြောက် ကမ္ဘာ့ဂူရှူး တံခွန်စိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သော အောင်မြင်မှုကြောင့် ဂူရှူးအားကစားနည်းသည် မြန်မာတစ်နိုင်ငံလုံး၏ အသိအမှတ်ပြု အားပေးခြင်းခံခဲ့ရသည်။ ဆက်တိုက်အောင်မြင်မှုများအနေဖြင့် ၂၀၀၃ ခုနှစ် မကာအို၌ ကျင်းပသော (၇)ကြိမ်မြောက် ကမ္ဘာ့ဂူရှူးတံခွန်စိုက်ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်လေးခုရယူခဲ့ပြန်သည်။ ဒေသဆိုင်ရာ အဆင့်မြင့်ဆုံး ပြိုင်ပွဲဖြစ်သော အရှေ့တောင်အာရှအားကစားပွဲ (Sea Games) ပြိုင်ပွဲများကိုလည်း ၁၉၉၇ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယခုနှစ်အထိ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမို၍ ဆုတံဆိပ်များရယူပေးနိုင်ခဲ့သည်။

သို့ဖြစ်၍ မြန်မာဂူရှူးအဖွဲ့သည် မြန်မာ့အားကစားလောကတွင် အချိန်တိုတိုနှင့် အောင်မြင်မှုအရှိဆုံး အားကစားအဖွဲ့အဖြစ် အသိအမှတ်ပြုခံရခြင်းဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတိုင်းသည် အားကစားအဆင့်အတန်း မြင့်မားမှုကို နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာအဆင့်အတန်းဖွံ့ဖြိုးမှု၏ ပြယုဂ်အဖြစ် သတ်မှတ်ထားကြသည်ဖြစ်ရာ အားကစားလောကအဆင့်အတန်း မြင့်မားရေးအတွက် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြသည်။ ယခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အာကစားသမားများအား ချီးကျူးဂုဏ်ပြုပွဲတွင် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က "အားကစားနည်းအလိုက် တာဝန်ယူ ဦးဆောင်ဦးရွက်ပြုနေကြသည့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ၏ လူအား၊ ငွေအား၊ အကြံဉာဏ်အား၊ စီမံခန့်ခွဲမှုအားများဖြင့် ပံ့ပိုးကူညီမှုများမှာ အလွန်ပင်အားရဖွယ်ကောင်းလှသည်"ဟု မိန့်ကြားခဲ့သည်။

မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ကို ၁၉၉၃ ခုနှစ် စတင်ဖွဲ့စည်းချိန်မှစ၍ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော ဦးခင်မောင်လေးသည် ဂူရှူးပြိုင်ပွဲများတွင် အောင်ပန်းဆင်နိုင်ရေးအတွက် စီမံခန့်ခွဲအားစိုက် လုပ်ကိုင်နိုင်ခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ အောင်မြင်မှုများ ဆင့်ကဲရရှိခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာနှင့် ကမ္ဘာ့အဆင့်အပါအဝင် ဂူရှူးပြိုင်ပွဲများကို အာရှအငယ်တန်း ဂူရှူးတံခွန်စိုက်ပွဲ၊ အရှေ့တောင်အာရှ ဂူရှူးတံခွန်စိုက်ပွဲ (Sea Games တွင် ဂူရှူးပြိုင်ပွဲမပါလျှင် ကျင်းပသည်)၊ အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ကမ္ဘာ့ဂူရှူးတံခွန် စိုက်ပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲစသည်ဖြင့် ပြိုင်ပွဲခြောက်မျိုး ကျင်းပလျက်ရှိရာ ယခုအခါတွင် မြန်မာဂူရှူးအဖွဲ့သည် ပြိုင်ပွဲခြောက်မျိုးစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဆုတံဆိပ်များ အသီးသီး ရယူပေးလျက်ရှိသည်။

ဂူရှူးပြိုင်ပွဲများတွင် သရုပ်ပြကစားရသော ပြိုင်ပွဲများ (ထောက်လု)နှင့် တိုက်ခိုက်ယှဉ်ပြိုင်ရသောပြိုင်ပွဲ (ဆန်းဆို)ဟူ၍ နှစ်မျိုးရှိရာ မြန်မာဂူရှူးအဖွဲ့သည် သရုပ်ပြ ကစားနည်းများတွင်သာ ရွှေတံဆိပ်ဆုများ ဆက်တိုက်ရယူခဲ့ရာမှ ယခုနှစ် အရှေ့တောင်အာရှ အားကစားပွဲတွင် ထူးခြားမှုအနေဖြင့် ဆန်းဆိုပြိုင်ပွဲ၌ မြန်မာဂူရှူးလက်ရွေးစင် ဟာဟုန်းသည် ဆန်းဆို ၅၆ ကီလိုတန်းတွင် ဖိလစ်ပိုင်နိုင်ငံမှ ကမ္ဘာ့ချန်ပီယံ ပြိုင်ဘက်ကို ဆီမီးဖိုင်နယ်တွင် အနိုင်ရရှိခဲ့ပြီး ဖိုင်နယ်တွင် အိမ်ရှင်ဗီယက်နမ်ကိုအနိုင်ရရှိ၍ ရွှေတံဆိပ်ဆု စတင်ဆွတ်ခူးပေးနိုင်ခဲ့သည်။ သို့ဖြစ်၍ မြန်မာဂူရှူးအဖွဲ့သည် သရုပ်ပြအားကစားနည်း(ထောက်လု)နှင့် ယှဉ်ပြိုင်တိုက်ခိုက်ကစားနည်း(ဆန်းဆို) ပြိုင်ပွဲနှစ်မျိုးစလုံး၌ ရှေ့ဆက်အောင်မြင်မှုများ ရယူလာနိုင်တော့မည်ဖြစ်သည်။ မြန်မာဂူရှူးအားကစားသမားများသည် ဆုတံဆိပ်များရယူနိုင်အောင် စွမ်းဆောင်နိုင်ခဲ့သလို မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်သည်လည်း နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ခဲ့သည်။

မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေးသည် အာရှဂူရှူးအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး မြန်မာ့ဂူရှူးအားကစား အဆင့်အတန်းမြင့်မားရေးအတွက် ဂူရှူးပြိုင်ပွဲများကို မြန်မာနိုင်ငံတွင် ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် အရှေ့တောင်အာရှ ဂူရှူးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး လာမည့် ၂၀၀၄ ခုနှစ် နိုဝင်ဘာလခန့်တွင် အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲကို ကျင်းပပြုလုပ်ရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်သည် နိုင်ငံတကာက လေးစားအသိအမှတ်ပြုခံရသော အဖွဲ့တစ်ခုအဖြစ် ရပ်တည်လာနိုင်ခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ အောင်မြင်မှုများရရှိရေးအတွက် ဂူရှူး၏ဇာတိမြေဖြစ်သော တရုတ်နိုင်ငံသို့ အားကစားသမားများကို ရက်လရှည်စွာ ငွေကြေးအမြောက်အမြားအကုန်ခံ၍ အဖွဲ့ချုပ်မှစေလွှတ် လေ့ကျင့်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ ကမ္ဘာ့ဂူရှူးအင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့်ဗီယက်နမ်တို့ကပင် မြန်မာဂူရှူးအဖွဲ့ကို အချိန်တိုတိုနှင့် အောင်မြင်မှုအရှိဆုံးအဖွဲ့အဖြစ် အသိအမှတ်ပြုလက်ခံထားကြပြီးဖြစ်သည်။ မြန်မာဂူရှူးအဖွဲ့၏ အောင်မြင်မှုနှင့်အတူ ဂူရှူးအားကစားနည်းသည်လည်း မြန်မာ့အားကစားလောကတွင် အများနှစ်သက် လက်ခံလာသော အားကစားနည်းတစ်ရပ်ဖြစ်ခဲ့သည်။ အထူးသဖြင့် (ထောက်လု) ကစားနည်းတွင် ကလေးငယ်များ စိတ်ဝင်တစား သင်ယူလေ့လာကြသည်ကို တွေ့ရသည်။

မြန်မာ့အားကစားလောကတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်လာကြောင်းကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ရရှိသည့် ရွှေတံဆိပ် ၁၆ ခုအနက် ၁၀ခုမှာ မြန်မာအမျိုးသမီးများက ရယူပေးနိုင်ခဲ့သည်ကို ကြည့်ခြင်းဖြင့် သိရှိနိုင်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဂုဏ်ပြုအမှာစကားတွင် အလေးမအားကစားနည်းနှင့် ဂူရှူး အားကစားနည်းများမှာ မြန်မာအမျိုးသမီး အားကစားမယ်များသည် အရှေ့တောင်အာရှအဆင့်သာမက အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်မှာပါ အောင်နိုင်မှု ဆုတံဆိပ်များ တစိုက်မတ်မတ်နှင့် စဉ်ဆက်မပြတ် ဆွတ်ခူးနိုင်နေပြီး အောင်မြင်တိုးတက်မှုများ ဆင့်ကဲဆင့်ကဲ ထူးခြားစွာ ဖြစ်ထွန်းနေတာကိုတော့ ချီးကျူးရမှာ အမှန်ပင်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူမဆုံးဖွယ် ဖြစ်ကြောင်း"ထည့်သွင်းချီးကျူး ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့တန်းကျကျ ပါဝင်နေကြပြီဖြစ်ရာ မြန်မာအမျိုးသမီးအသင်းအဖွဲ့များ ဖွဲ့စည်း၍ လူမှုရေးကိစ္စများတွင် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသလို အမျိုးသမီးအားကစားမယ်များကလည်း နိုင်ငံ့ဂုဏ်ကို တစ်ဖက်တစ်လမ်းက မြှင့်တင်ပေးလျက် ရှိကြသည်။ ဗီယက်နမ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲတွင် ကြိုးစားခြေစွမ်းပြခဲ့သော မြန်မာအမျိုးသမီးဘောလုံးအသင်းသည် မြန်မာဘောလုံးပရိသတ်၏ လေးစားမှုကို အထူးပင်ရရှိခဲ့သည်။

မြန်မာဂူရှူးအဖွဲ့သည် အောင်ပန်းအဆင့်ဆင့် ဆွတ်ခူးခဲ့ပြီးဖြစ်ရာ အနာဂတ်ရည်မှန်းချက်အနေဖြင့် ၂၀၀၈ ခုနှစ် တရုတ်နိုင်ငံတွင်ကျင်းပမည့် (၂၉)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိရန် ရည်မှန်းကြိုးစားလျက်ရှိသည်။ မြန်မာ့အားကစားလောကတွင် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲအဆင့်၌ ဆုတံဆိပ်ရရှိခဲ့ဖူးခြင်း မရှိသေးရာ ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ပြိုင်ပွဲကြီးဖြစ်သော ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရယူနိုင်ရေးအတွက် မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်၏ ကြိုးစားဆောင်ရွက်မှုများကို နိုင်ငံတော်က ဆက်လက်ပံ့ပိုးအားပေးသွားမည်ဖြစ်သည်။

သက်တမ်းနုသေးသော်လည်း မြန်မာ့အားကစားလောကကို ရွှေရောင်လွှမ်းစေခဲ့သည့် မြန်မာ့ဂူရှူး အားကစားမောင်မယ်များကိုလည်းကောင်း၊ မြန်မာဂူရှူးအားကစား တိုးတက်မြင့်မားလာရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ ဒုဥက္ကဋ္ဌ ဒေါ်ကြူကြူနှင့် အဖွဲ့ဝင်များကို လည်းကောင်း၊ ဂုဏ်ပြုရင်း မြန်မာ့ဂူရှူးအားကစား ပိုမိုကျယ်ပြန့်ထွန်းကားလာစေရေးအတွက် ဝိုင်းဝန်းပံ့ပိုး ကူညီသွားကြရန် နှိုးဆော်တိုက်တွန်း ရေးသားအပ်ပါသည်။ ။

ဆားပုလင်းနှင်းမောင်နှင့် မီးအိမ်လက်ဆွဲခရီးသည် စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

မင်းသိခ်၏ ဆားပုလင်းနှင်းမောင်နှင့်မီးအိမ်လက်ဆွဲခရီးသည် စာအုပ် **(အောက်ပုံ)**ကို မျက်ပွင့်စာပေ (၃၆၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်ဆွန်ပက်



လမ်းထိပ်၊ ရန်ကုန်မြို့ ဖုန်း-၇၀၀၅၇၉၊ မရမ်းတလင်းစာပေ (၁၄) ကျောက်ရေတွင်းလမ်း ကျောက်မြောင်း တာမွေ ရန်ကုန်မြို့ ဖုန်း-၅၄၃၂၉၇က ဖြန့်ချိလိုက်သည်။

(က-ပ)

မြောက်ဥက္ကလာပ အထက(၁) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၅

အထက(၁) မြောက်ဥက္ကလာပမြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၁၀ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို မြတ်မင်္ဂလာကျောင်းဆရာတော် ဦးညာဘာသ ဖုန်း-၆၉၀၄၉၉၊ ဦးချိုအေး ဖုန်း-၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးအောင်ကြည်မြင့် ဖုန်း-၆၉၉၁၂၃၊ ၀၉-၉၉-၂၇၁၂၃၊ ဦးတင်ထွန်း ဖုန်း-၆၉၉၃၉၃၊ ဒေါ်ခင်မမကြီး ဖုန်း-၆၉၉၉၃၉၊ ဦးကျော်ဆန်းထွန်း ဖုန်း-၇၀၀၁၆၄၊ ဦးဆုတင် ဖုန်း-၃၇၉၅၀၅၊ ၃၇၀၁၈၉နှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကိုဘုန်းနိုင် ဖုန်း-၇၀၄၄၈၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်စာအရေးသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

တက္ကသိုလ်ဝင်တန်းနှင့်တက္ကသိုလ်ဝင်တန်းအောင်များ၊ ဘွဲ့ကြို၊ ဘွဲ့ရများ အင်္ဂလိပ်စာကို လေ့လာသူများအတွက် အင်္ဂလိပ်စကားပြောနှင့်အင်္ဂလိပ်စာကို စနစ်တကျ ကျွမ်းကျင်တက်မြောက်စွာ ရေးသားနိုင်ရန် ရည်ရွယ်၍ "YES Language Centre"မှ လစဉ်ဖွင့်လှစ်လျက်ရှိသော Basic Spoken English (B.S.E) သင်တန်းများကို ဇန်နဝါရီ ၁၂၊ ၁၇၊ ၁၉ နှင့် ၂၄ ရက်များတွင် လည်းကောင်း၊ Pre-Intermediate English (P.I.E) သင်တန်းများကို ဇန်နဝါရီ ၁၉ ရက်တွင် လည်းကောင်း၊ Grammar Foundation Course (G.F.C)နှင့် Vocabulary Enrichment Course (V.E.C) သင်တန်းများကို ဇန်နဝါရီ ၂၄ ရက်နှင့် ဆရာဦးမြင့်အောင် ကိုယ်တိုင်သင်ကြားသော Intermediate English (IE), Academic writing Course (AWC), SAI (I), SAI (II), TOEFL (နှင့်) IELTS သင်တန်းများကို ဇန်နဝါရီ ၆၊ ၁၂၊ ၂၄၊ ၂၆ ရက်နှင့် ၃၁ ရက်များတွင် ဖွင့်လှစ်မည်ဖြစ်၍ စိတ်ဝင်စားသူများ "YES Language Centre" အမှတ်(၁၁၉) Y.W.C.A အဆောက်အအုံ (ပထမထပ်) ဘိုကလေးဈေးလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၄၅၈၂၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၁-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - (က) ပထမနှစ် (အရှေ့တိုင်းပညာ)
  - (ခ) ပထမနှစ် (ဥပဒေပညာ)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ညီအစ်မလေးဖော်" (အပိုင်း-၁၄)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (အပိုင်း-၁၆)**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၅

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၏ (၁၀၉)ကြိမ်မြောက်တရားစခန်းပွဲတွင် ဆရာတော်ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ–LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တ ဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့ကမိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားတော်များဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဇန်နဝါရီ ၉ ရက်(သောကြာနေ့) ညနေ့အရောက်လာရောက်ကြရန်နှင့်ဖုန်း–၆၉၀၀၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က–ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းသည့် အမိန့်ကြော်ငြာစာ (၁/ ၂၀၀၄) ထုတ်ပြန်

(ယမန်နေ့မှအဆက်)

ပြည်ပဆရာတော်

၄၈။ Ven.Kao Buddhavong Xieng Yena Natharan ကျောင်းတိုက် ဗီယန်ရှင်းမြူနီစပယ်ဒေသ၊ လာအိုနိုင်ငံ။

၄၉။ Ven. Noisangvalo ဆိုင်ယမ်ဖုန်းကျောင်း၊ Sisatthanak ခရိုင်၊ မြူနီစပယ်ဒေသ၊ ဗီယန်ရှင်းမြို့၊ လာအိုနိုင်ငံ။

၅၀။ Ven.Dhamasen Mahathero စစ်တကောင်းဗုဒ္ဓဘာသာကျောင်း၊ ဘုရားကျောင်းလမ်း၊ စစ်တကောင်းမြို့၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

၅၁။ ဘဒ္ဒန္တ ဝိမလာနန္ဒ၊ ဗုဒ္ဓဝိဟာရကျောင်း၊ လုမ္ဗိနီဖွံ့ဖြိုးရေးဒေသ၊ နီပေါနိုင်ငံ။

၅၂။ (Ven. Dr. Rastrapa Mahathera) အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းရိပ်သာ၊ ဗုဒ္ဓဂယာ၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ။

၅၃။ Ven. Sukhemo ဓမ္မစက္ကဇယာကျောင်းတိုက်၊ ဂျကာတာမြို့၊ အင်ဒိုနီးရှားနိုင်ငံ။

၅၄။ Ven. Khantidharo Thero Padepokan Dhammatipa ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ မာလန်ဘာတူဒေသ၊ အင်ဒိုနီရှားနိုင်ငံ။

မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ဇာဂရဗုဒ္ဓိ၊ တောင်လေးလုံးကျောင်းတိုက်၊ ညောင်ပင်သာရပ်ကွက်၊ ဖန်းမော်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ သြဘာသ၊ အောင်မင်္ဂလာကျောင်း၊ ဆားမှော်ကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တ တိလောက၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တဟွန်ဒမ်းကျေးရွာ၊ နောင်မွန်း မြို့နယ်၊ ကချင်ပြည်နယ်။

၄။ ဘဒ္ဒန္တ မေဓာနန္ဒ၊ ဝမ်အောင်းကယားကျောင်း၊ ဝမ်အောင်းကယားရွာ၊ ဖားဆောင်းမြို့နယ်၊ ကယားပြည်နယ်။

၅။ ဘဒ္ဒန္တ ခန္တီဝဏ္ဏ၊ ဥဒေါင်းကျောင်း၊ ဥဒေါင်းရွာ၊ လှိုင်းဘွဲမြို့နယ်၊ ကရင်ပြည်နယ်။

၆။ ဘဒ္ဒန္တ ဇာနေယျ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်။

၇။ ဘဒ္ဒန္တ ဉာဏောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ဘုရားသုံးဆူမြို့၊ (ဓမ္မဟောဝန်)ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကရင်ပြည်နယ်။

၈။ ဘဒ္ဒန္တ စန္ဒိမာဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ချင်းလက်မွန်ကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်။

၉။ ဘဒ္ဒန္တ ပဏ္ဍိတ၊ သစ္စာရောင်ခြည်ကျောင်းတိုက်၊ ထန်းတောအောင်ရတနာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တ သုဝိပုလ၊ ဧကနိအရှေ့ကျောင်း၊ ဧကနိကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း။

၁၁။ ဘဒ္ဒန္တ ကဋ္ဌန၊ ကဋ္ဌနာရာမကျောင်း၊ ကံမော်ရွာ၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်း။

၁၂။ ဘဒ္ဒန္တ သီလာစာရ၊ ဘုန်းတော်ကြီးသင်ပညာရေးပရဟိတကျောင်း၊ အဗျားဗိုလ်တဲကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။

၁၃။ ဘဒ္ဒန္တ ဝိဇယ၊ ဇမ္ဗူအေးတောရကျောင်းတိုက်၊ ပြွန်တန်ဆာမြို့၊ မြို့သစ်ရပ်ကွက်၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။

၁၄။ ဘဒ္ဒန္တ ဝါယမ၊ ကြေးနီကန်တိုက်အုပ်ကျောင်းတိုက်၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(အရှေ့ပိုင်း)။

၁၅။ ဘဒ္ဒန္တ ကုမာရ၊ ရွာဘဲတောင်ပေါ်ကျောင်းတိုက်၊ ရွာဘဲ ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၆။ ဘဒ္ဒန္တ သုနန္ဒ၊ ရတနာပုံကျောင်းတိုက်၊ စိန်ကန့်လန့်ရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၇။ ဘဒ္ဒန္တ ကောသလ္လ၊ ရွှေဒင်္ဂါးကျောင်းတိုက်ကြီး၊ ဇင်းကျိုက်ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။

၁၈။ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်း၊ သပြေနီကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၁၉။ ဘဒ္ဒန္တ သုဘောဂ၊ သပြေကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၂၀။ ဘဒ္ဒန္တ ဇောတိက၊ ဆိပ်ဖူးတောင်တောရကျောင်းတိုက်၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် အမှတ်(၁)ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်။

၂၁။ ဘဒ္ဒန္တ ဝိဇယ၊ ရေချိုအရှေ့ကျောင်း၊ ရေချိုကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း။

၂၂။ ဘဒ္ဒန္တ ကုမာရ၊ ကွဲကန်ကျောင်း၊ ကွဲကန်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

၂၃။ ဘဒ္ဒန္တ ပညာသာရ၊ မဟာဓမ္မပါလကျောင်း၊ နန်းဦးတိုက်၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂၄။ ဘဒ္ဒန္တ ကေသရ၊ ဇေယျာသိပ္ပံကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ ဈ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ဘဒ္ဒန္တ ကုမာရ၊ ဓမ္မသုခကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက်၊ ဈ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၆။ ဘဒ္ဒန္တ ဈာနေယျ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၊ ကင်မွန်းချုံကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၇။ ဘဒ္ဒန္တ နန္ဒသီရိ၊ ဇေယျမင်္ဂလာတာပုံကျောင်းတိုက်၊ တာပုံကျေးရွာ၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။

၂၈။ ဘဒ္ဒန္တ ဝိစိတ္တသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းယောင်းမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၂၉။ ဘဒ္ဒန္တ ဇာဂရ၊ ဓမ္မဝိဒူအုတ်ဖိုကျောင်းတိုက်၊ ရတနာသီရိရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။

၃၀။ ဘဒ္ဒန္တ တေဇနိယ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကျောင်းကြီးကျောင်းတိုက်၊ ရုံးဒေါင့် ကျေးရွာ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်း။

၃၁။ ဘဒ္ဒန္တ ကောဝိဒ၊ ကညင်ပင်တောရကျောင်းတိုက်၊ တမန်ချောင်းကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း။

၃၂။ ဘဒ္ဒန္တ ဣန္ဒက၊ သာသနာ့ဝေပုလ္လ ခါတော်မှီကျောင်းတိုက်၊ ငှက်ပျောတောကျေးရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်း။

ပြည်ပဆရာတော်

၃၃။ Ven. Galayaye Piyadassi Sri Saddhatissa International Buddhist Centre 309.311, ကင်းစ်ဘယ်ရီလမ်း၊ လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ။

၃၄။ Ven.Oannavaro Mahathera မန်ဒုဘုန်းတော်ကြီးကျောင်း၊ ဂျားဗားဒေသ၊ အင်ဒိုနီးရှားနိုင်ငံ။

သီလရှင်ဆရာကြီး

၃၅။ ဒေါ်ရူပသိင်္ဂီ၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ရူပဝတီဆောင်၊ ဇုတ်သုတ်စံပြ ကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး

၃၆။ သီလရှင်ဆရာကြီး အနုဂါရိကဉာဏသီလ၊ သကျသိဟကျောင်း၊ လာလစ်ပူးမြို့၊ နီပေါနိုင်ငံ။

လူပုဂ္ဂိုလ်

၃၇။ ဦးဘဆန်း၊ ၆၄ လမ်း၊ မြို့သစ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။

၃၈။ ဦးမြင့်ဆွေ၊ အမှတ်(၄၀)၊ ၈၂ လမ်း၊ ၃၁ X ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၃၉။ ဦးဝင်းကြိုင်၊ အမှတ်(၁၂၂) ချယ်ရီလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၀။ ဦးမောင်မောင်လေး၊ အမှတ် (၁၇) ရတနာပုံ (၁)လမ်း၊ (၁၀)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၄၁။ ဦးတင့်လွင်၊ အမှတ် (၅၄)၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အေဝမ်းခြံ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၂။ ဦးစံတင်၊ အမှတ် (၁၈)၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၃။ ဦးကိုကိုမြိုင် (တက္ကသိုလ်သျှင်သီရိ)၊ အမှတ် (၅၅)၊ သုနန္ဒာ (၃) လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၄၄။ ဦးသိန်းခဲ၊ အမှတ် (၃၄၈)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ စန္ဒိမာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခေါင်လန်ဖူးမြို့၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တ သုန္ဒရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နောင်မွန်းမြို့၊ ပူတာအိုခရိုင်၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တ နာရဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုပင်မြို့၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

၄။ ဘဒ္ဒန္တ ပဏ္ဏဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်နောက်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်။

၅။ ဘဒ္ဒန္တ ပဏ္ဍိတ၊ ရန်ကင်းကျောင်းတိုက်၊ (၆)ရပ်ကွက်၊ သံတောင်မြို့၊ ကရင်ပြည်နယ်။

၆။ ဘဒ္ဒန္တ ပညာနန္ဒ၊ မြတ်သုခ (၂၇၅) တပ်ဦးကျောင်း၊ ဖားကျောင်းကျေးရွာ၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်။

၇။ ဘဒ္ဒန္တ သောဘိတ၊ ခွာရုံထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မြို့ဟောင်းရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

၈။ ဘဒ္ဒန္တ ဉာဏုတ္တရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လုံလဲရွာ၊ ထန်တလန်မြို့နယ်၊ ချင်းပြည်နယ်။

၉။ ဘဒ္ဒန္တ သုစရိတ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘောင်ပင်ကျေးရွာ၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်။

၁၀။ ဘဒ္ဒန္တ နာဂိန္ဒ၊ ဇိနမာရ်အောင်ကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။

၁၁။ ဘဒ္ဒန္တ ဝိသုဒ္ဓါနန္ဒ၊ သုခါရာမတောရကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၂။ ဘဒ္ဒန္တ ကုမာရ၊ ထန်းပင်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ထန်းပင်ကုန်းကျေးရွာ၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၃။ ဘဒ္ဒန္တ ဓမ္မပါလ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အောင်ချမ်းသာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်း။

၁၄။ ဘဒ္ဒန္တ တိက္ခိန္ဒြိယ၊ ရေလည်ပရဟိတကျောင်း၊ ဒူလဗိုလ်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်း။

၁၅။ ဘဒ္ဒန္တ ပညာသာမိ၊ ကုမာရာရာမတိုက်နှင့် ရေနံ့သာတောရပရိယတ္တိစာသင်တိုက်၊ တောင်ကလပ်ကျေးရွာ၊ ပုပ္ပားအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း။

၁၆။ ဘဒ္ဒန္တ ဉာဏိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကိုးတစ်ဘုန်းစိုးရွာ၊ ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်း။

၁၇။ ဘဒ္ဒန္တ ဝဏ္ဏိတ၊ ရွာဦးပရိယတ္တိကျောင်းတိုက်၊ ပုဒါတ်စာကုန်းကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

၁၈။ ဘဒ္ဒန္တ ဝဏ္ဏသာမိ၊ တေဇာရာမကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဓညဝတီ (က)ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

၁၉။ ဘဒ္ဒန္တ ဝိဇ္ဇောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ခထီးလှစံပြကျေးရွာ၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်။

၂၀။ ဘဒ္ဒန္တ ဝိဇယ၊ မောရဝတီ(ဗဟို) သာသနာပြုကျောင်း၊ မောရဝတီ နတလစံပြကျေးရွာ၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ်။

၂၁။ ဘဒ္ဒန္တ ကိတ္တိသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပြည်လုံးကြီးကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်။

၂၂။ ဘဒ္ဒန္တ သောဘိတ၊ အမှတ်(၇)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နန်းဦးကျောင်းတိုက်၊ (၁၀၇) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်းမြို့နယ်) ရန်ကုန်တိုင်း။

၂၃။ ဘဒ္ဒန္တ ကေတုမာလာ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်း၊ အောင်ဇမ္ဗူပရိယတ္တိစာသင်တိုက် ဆင်ခြံကျေးရွာ၊ ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်း။

၂၄။ ဘဒ္ဒန္တ ပညောဘာသ၊ မြသိန်းတန်သာသနာပြုပရိယတ္တိစာသင်တိုက်၊ ဈေးရပ်ကွက်၊ ဟိုပန်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၂၅။ ဘဒ္ဒန္တ အရိယဝံသ၊ နယ်စပ်သာသနာပြု ထေရဝါဒဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း၊ (မြောက်) အမှတ် (၅)ရပ်ကွက်၊ မုံးကိုးမြို့၊ ရှမ်းပြည်နယ်။

၂၆။ ဘဒ္ဒန္တ ပဏ္ဍိတ၊ အောင်မင်္ဂလာတောရဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဟောင်လိတ်ရပ်ကွက်၊ တာချီလိတ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၂၇။ ဘဒ္ဒန္တ ဓမ္မပါလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်ခတ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ နမ့်ခတ်ရွာ၊ တောင်ပေါ် (၅)အုပ်စု၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

၂၈။ ဘဒ္ဒန္တ စန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပူလောင်းရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။

ပြည်ပဆရာတော်ကြီး

၂၉။ ဘဒ္ဒန္တ သောမရတန၊ သိမ်းမြစ်ဗုဒ္ဓဝိဟာရကျောင်းတိုက်၊ ၄၉၊ ဒူဗာတန်လမ်း၊ ဆဲစ်ဒွန်ဆာရေပြည်နယ်၊ အင်္ဂလန်နိုင်ငံ။

သီလရှင်ဆရာကြီး

၃၀။ ဒေါ်မိရဉာဏီ၊ ခေမာသီရိသီလရှင်စာသင်တိုက်၊ စိတ္တသုခရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။

၃၁။ ဒေါ်ကုန္ဒရီ၊ ကုလဝိသေသီ သီလရှင်စာသင်တိုက်၊ အမှတ် (၃) ရပ်ကွက် ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

လူပုဂ္ဂိုလ်

၃၂။ ဦးဗိုလ်ကလေး (ခ) ဦးဗိုလ်သောင်း၊ ညောင်ပင်သာ (၆)ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း။

၃၃။ ဦးဟန်မောင်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးထွန်းထွန်း၊ အမှတ်(၃၄)အနော်ရထာလမ်း၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။

၂။ ဦးစောမြင့်၊ အမှတ် (၁၅) ဇီဇဝါလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဦးစိုးမြင့် (ခ)ဒူးရင်းသီးဦးစိုးမြင့်၊ ခြံအမှတ် (၂၅) မင်းကျောင်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ဦးသန်းလှ (တံကြား)အမှတ် (၅) (ဇ–ဈ) ပါရမီလမ်း၊ ၁၂– ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ဦးမောင်မောင်၊ အာရှပလာဇာ၊ အမှတ် (၂၇၇) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် (၃၈) လမ်းထောင့်၊ အမှတ် (၆) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ဝင်းမေ၊ တိုက်အမှတ် (၃၃)၊ ၈၁ X ၈၂ လမ်းကြား၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၂။ ဒေါ်အေးအေးကြည်၊ အမှတ် (၃၉–ဂျီ) ကမ္ဘာအေးစေတီလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဒေါ်နီ၊ အမှတ် (၁၅၄) ၁၉ လမ်း (အပေါ်လမ်း) (၄) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❐ **ရွှေဖုံးမှ**

(၂၁)ရာစုသို့ ကူးပြောင်းဝင်ရောက်နေသည့် ယနေ့အချိန်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များသည် မှန်းဆမရနိုင်သည့် အရှိန်အဟုန်ဖြင့် တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲနေသလို ယခုတိုးတက်ပြောင်းလဲမှုများသည် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်မှာသာ ရပ်တန့်မနေဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှုစသည့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍအသီးသီးကိုပါ တွင်ကျယ်လွှမ်းမိုးပြီး အပြန်အလှန်ဆက်စပ်ပြောင်းလဲ ဖြစ်ပေါ်စေလျက်ရှိနေသည့်အတွက် ပညာရှင်များသည်လည်း မိမိတို့ သက်ဆိုင်ရာ ပညာရပ်နယ်ပယ် ကွက်ကွက်ကလေးမှာသာ နစ်မြုပ်မြုပ်နှံနေလို့ မရနိုင်တော့သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် ယခုလိုပညာရေးကို ဗဟိုပြုပြီး လျင်မြန်စွာတိုးတက်ပြောင်းလဲ နေသည့် ယနေ့ကမ္ဘာကြီးတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်း အမြစ်များကို ပြုစုပျိုးထောင်ပိုင်ဆိုင်ထားမှသာ ယနေ့နိုင်ငံတကာမှာ ကြုံတွေ့ နေရသည့် စိန်ခေါ်မှုအမျိုးမျိုးနှင့်တကွ အနာဂတ်ကာလ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်ပေး နိုင်မှာဖြစ်ကြောင်း။

ယခုလိုပညာရေးဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို ဖော်ဆောင် မြှင့်တင်ပေးရမည့် အခြေအနေအချိန်အခါတွင် ဆရာ၊ ဆရာမများတို့လို ပညာရှင်များအနေဖြင့် နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအလျဉ်မှာ မျက်ခြည်မပြတ် လိုက်ပါလာနိုင်ရန် လိုအပ်မှာဖြစ်ကြောင်း၊ တစ်ချိန်တည်း မှာပင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်အလားအလာ၊ အမျိုးသားရေးမျှော်မှန်း ချက်တို့ကိုလည်း နားလည်သဘောပေါက်ပြီး ဤအမျိုးသားရေး မျှော်မှန်းချက် များအောင်မြင်အကောင်အထည် ပေါ်လာအောင် ပညာရပ်ဆိုင်ရာ စွမ်းပကား ဖြင့် အထောက်အကူပြုနိုင်ရမှာဖြစ်ကြောင်း။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်အခမ်းအနားတွင် သင်တန်းတက်ရောက်ကြ သည့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပြုစုပျိုးထောင်

အလားတူပင် ဆရာ၊ ဆရာမတို့အနေဖြင့် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များကို ဤသဘောထားခံယူချက်နှင့်အညီ ပြုစုပျိုးထောင်ပေးသွားရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်၏အနာဂတ်အလားအလာ၊ အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအသီးသီးမှာ ဆိုင်ရာ ဆိုင်ရာ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းနေစေဖို့၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍစုံမှာ ကြီးမားကျယ်ပြန့်သည့် လူ့စွမ်းအားအရင်းအမြစ် များ တည်ဆောက်ထားနိုင်စေဖို့၊ တစ်ချိန်တည်းမှာပင် တစ်မျိုးသားလုံး ပညာရည်မြင့်မားပြီး အစဉ်လေ့လာသင်ယူနေသည့် ပညာရေးအခြေခံကောင်း များ ဖြစ်ထွန်းနေစေဖို့ဆိုသည့် အမျိုးသားပညာရည်မြင့်မားရေးပညာရေး စီမံကိန်း အဆင့်ဆင့်ကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက် ပေးလျက်ရှိကြောင်း။

တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများနှင့်သက်ဆိုင်သည့် အဆင့်မြင့် ပညာကဏ္ဍ အမျိုးသားစီမံကိန်းများနှင့် ပတ်သက်ပြီးပြောရလျှင် အခြေခံပညာ ကဏ္ဍက တစ်နှစ်ချင်း အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက် နေသည့် ပညာရေးမြှင့်တင်မှုအစီအစဉ် တတိယအဆင့်ရောက်ရှိသည့်အချိန် တွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ စနစ်တကျချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေးအထူး လေးနှစ်စီမံကိန်း ၂၀၀၀-၂၀၀၁ခုနှစ်မှ ၂၀၀၃-၂၀၀၄ခုနှစ်ကို အဆင့်မြင့်ပညာကဏ္ဍမှာ စတင်အကောင်အထည် ဖော်ခဲ့တာဖြစ်ကြောင်း။

အလေးထားစီမံ

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းမှာ တက္ကသိုလ် နှင့် ကောလိပ်များတွင် ကွန်ပျူတာနှင့် အီလက်ထရွန်းနစ်နည်းပညာ အခြေပြုသည့် ခေတ်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းတွေ၊ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်ဓာတ်ခွဲခန်းတွေ၊ သုတေသနဌာနတွေ၊ နိုင်ငံတကာ အဆင့်မီ အီလက်ထရွန်းနစ်နည်းပညာအခြေပြုစာကြည့်တိုက်တွေကို ထူထောင် ပြီး မျိုးဆက်သစ်တက္ကသိုလ် ကောလိပ် ကျောင်းသူ၊ ကျောင်းသားများကို နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားစေရအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ဖို့ အထူးအလေးထား စီမံဆောင်ရွက်ခဲ့ကြောင်း။

အထူးသဖြင့် ခေတ်မီ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာ များကို အခြေခံပြီး ဂြိုဟ်တုဆက်သွယ်ရေးစနစ်အသုံးပြုသည့် e-Learning Centre တွေ၊ Resource Centre တွေ ထူထောင်မှုကို စနစ်တကျ စတင်ခဲ့ သည့်အတွက် ၂၀၀၁ခု၏ နှစ်ဆန်း ၁ရက်နေ့တွင် e-Education System ကို မြန်မာနိုင်ငံမှာ ပထမဆုံး စတင်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အထိ တိုးတက် ဖြစ်ထွန်းလာခဲ့တာတွေ့နိုင်ကြောင်း။

နှစ်ရှည်စီမံကိန်း

၂၀၀၁-၂၀၀၂ ဘဏ္ဍာနှစ်မှာတော့ နိုင်ငံတော်အကြီးအကဲက နိုင်ငံတော် ၏ စိုက်ပျိုးရေး၊ စက်မှု၊ သတ္တု၊ စွမ်းအင် စသည့် စီးပွားရေးစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများမှာပါ အနာဂတ် အမျိုးသားရေးအကျိုးစီးပွားကို မျှော်မှန်းသည့် အနှစ် ၃၀နှစ်ရှည် စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ လမ်းညွှန် ခဲ့သည့်အတွက် အဆင့်မြင့်ပညာကဏ္ဍမှာ အကောင်အထည်ဖော်ဆောင်ရွက်ဆဲ ဖြစ်သည့် အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ် လုပ်ငန်းများနှင့် ချိတ်ဆက်ပြီး အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းကို စတင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့တာ တွေ့ကြရမှာဖြစ်ကြောင်း။

မိမိတို့အစိုးရလက်ထက်ကာလတွင် ပညာရေးကဏ္ဍကို အလေးထား အားပေး ဆောင်ရွက်ပေးနိုင်မှုကြောင့် ယခင်က တက္ကသိုလ်နှင့် ကောလိပ် ၃၂ခုသာရှိခဲ့ရာက ယခုဆိုလျှင် တက္ကသိုလ်နှင့်ကောလိပ် စုစုပေါင်း ၁၅၄ခုထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်တာကြောင့် လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုး ရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်နိုင်နေပြီဖြစ်ကြောင်း။

အထူးဒေသ

ကြားကွက်လပ်ကဲ့သို့ ကျန်နေသေးသည့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် နေရာဒေသများကိုလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများအဖြစ် သတ်မှတ်ပြီး တက္ကသိုလ်များ၊ ကောလိပ်များကို ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခင်က အဆင့်မြင့် ပညာသင်ကြားရေးမှာ အခက်အခဲရှိကြသည့် ကြားကွက်လပ်ဒေသ က မျိုးဆက်သစ် လူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ရရှိစေခဲ့ ကြောင်း။

ထို့ကြောင့် ယနေ့အချိန်အခါတွင် **မျက်မှောက်ကာလဖြစ်သော ပညာ ခေတ်၏ စိန်ခေါ်မှုကိုရင်ဆိုင်နိုင်မည့် အစဉ်လေ့ကျင့်သင်ယူနေသော လူ့ဆောင် အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်** ဆိုသည့် မြန်မာ့ပညာရေးမျှော်မှန်းချက် အောင်အောင်မြင်မြင် အကောင်အထည် ပေါ် ဖြစ်ထွန်းလာစေမည့် ပညာရေးဆိုင်ရာ အခြေခံကောင်းတွေ ပညာရေး ကဏ္ဍတစ်ခုလုံးမှာ စနစ်တကျ ဖြန့်ကြက်ဖြစ်ထွန်းနေပြီလည်းဖြစ်ကြောင်း။

အိုင်စီတီနည်းပညာ

အထူးသဖြင့် နိုင်ငံတကာမှာ တွင်ကျယ်ခေတ်စားနေသည့် Information and Communication Technology ခေါ်သည့် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် Myanmar ICT Park နှင့် Mandalay ICT Park တို့ကို အထက်မြန်မာ ပြည်နှင့် အောက်မြန်မာပြည်အတွက် ထူထောင်ထားရှိနိုင်ပြီဖြစ်သည့်အပြင် ICT Park များမှာ ICT နည်းပညာရပ်အမျိုးမျိုးကို တိုးမြှင့်အသုံးပြုနိုင်နေပြီ ဖြစ်သည့်အတွက် အဆင့်မြင့်ပညာ လေ့လာသင်ယူရေးမှာရော၊ ပညာရေး စီမံခန့်ခွဲမှု စနစ်မှာပါ ICT နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်နေပြီ ဖြစ်ကြောင်း၊ ၎င်းမှာ မြန်မာ့ပညာရေး မျှော်မှန်းချက် အောင်မြင် အကောင် အထည်ပေါ် ဖြစ်ထွန်းရေးအတွက် ထုထည်ပမာဏကြီးမားသည့် အခြေခံ ကောင်းတစ်ရပ် ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

ယနေ့အချိန်ကာလတွင် Electronic Data Broadcasting System အသုံးပြုသည့် e-Learning Centre ၄၅၅ခု၊ V-SAT System အသုံးပြု သည့် ဌာန ၄၄ခု၊ Fibre Optic Network ကွန်ရက်စနစ်အသုံးပြုသည့် ဌာန ၁၁ခု၊ iPSTAR Broadband System အသုံးပြုသည့် ဌာန ၂၀၊ Internet ဆက်သွယ်ထားသည့် အခြေခံကျောင်းပေါင်း ၁၀၀ပါဝင်သည့် ပညာရေးကဏ္ဍက ဌာနပေါင်း ၆၃၀ကို ချိတ်ဆက်ပေးသည့် ကွန်ရက်စနစ် တစ်ရပ်နှင့် ကြိုးမဲ့ဆက်သွယ်ရေးစနစ်အသုံးပြုပြီး Video Conferencing ပြုလုပ်နိုင်သည့် ဌာနပေါင်း ခုနစ်ခုတို့ကို မြန်မာနိုင်ငံတစ်လွှားမှာ ဖြန့်ကြက် ထူထောင်ထားနိုင်ပြီးဖြစ်ကြောင်း၊ Video Conferencing ပြုလုပ်နိုင်သည့် ဌာနများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားဖို့ ပြင်ဆင် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အကုန်အကျသက်သာ

ယခုလို မြန်မာတစ်နိုင်ငံလုံးကို ICT နည်းပညာဆိုင်ရာ ကွန်ရက်စနစ်ဖြင့် လွှမ်းခြုံထားနိုင်သည့်အတွက် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ အသက် အရွယ်နှင့် ပညာအဆင့်အတန်းမရွေး လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်း တွေ၊ မိမိနေထိုင်ရာဒေသကပဲ အီလက်ထရွန်းနစ်ကွန်ရက်စနစ်ထဲဝင်ပြီး လေ့လာသင်ယူနိုင်သည့်အခွင့်အလမ်းတွေ ရရှိဖြစ်ထွန်းလာခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်ကနေ ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ် အတွင်းမှာ လူပုဂ္ဂိုလ်ပေါင်း သုံးသိန်းခန့်သည် အိုးမကွာ အိမ်မကွာ မိမိ လေ့လာလိုရာ ပညာရပ်များကို ICTနည်းပညာဖြင့် လေ့လာခွင့်ရရှိခဲ့ပြီး အခြားရပ်ရွာဒေသမှာ သွားရောက်ပညာသင်ကြားရင်း ကုန်ကျမည့်ခရီးစရိတ်၊ နေထိုင်စားသောက်စရိတ် ငွေကျပ်သန်းပေါင်း ၄၄၃၀သန်းကျော် အကုန်အကျ သက်သာခဲ့သည်ဟု တွက်ချက်ရရှိခဲ့ကြောင်း။

ထို့အပြင် ပညာရေးကဏ္ဍဆိုင်ရာ သတင်းနှင့် စီမံခန့်ခွဲ ရေး Database တွေ ထူထောင်ထားနိုင်ပြီဖြစ်သလို အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ Homepage များကို Internetမှာ တင်ထားနိုင်ပြီဖြစ်သည့်အတွက် ဗဟုသုတလေ့လာရှာမှီး သူများရော၊ စီမံခန့်ခွဲသူများအတွက်ပါ လွန်စွာမှ လွယ်ကူချောမွေ့နေပြီ ဖြစ်ကြောင်း။

ဟန်ချက်ညီညီပျိုးထောင်

ယခုလို အဆင့်မြင့်ပညာကဏ္ဍမှာ နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးမြင့်မားသည့်လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွက်လာရေးတို့အတွက် ရေခံမြေခံကောင်း၊ အခြေခံ ကောင်းတွေ တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါတွင် တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်လူရွယ်များကို နိုင်ငံတော်၏ ပညာရေးဆိုင်ရာ မျှော်မှန်း ချက်နှင့်အညီ ပညာရပ်ဆိုင်ရာမှာသာမက စိတ်ဓာတ်ရေးရာပိုင်းအပြင် စာရိတ္တ နှင့် လူမှုကျင့်ဝတ်၊ လူမှုတာဝန်ဝတ္တရားများအပိုင်းမှာပါ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါလို့ မှာကြား လိုကြောင်း။

မိမိနိုင်ငံ၊ မိမိလူမျိုးနိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာ တိုးတက်မြင့်မား အောင် ဖော်ဆောင်ရေးမှာ ယနေ့ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ် များကို ခေတ်မီ အသိပညာ၊ အတတ်ပညာများ တတ်ကျွမ်းရုံမျှမက မျိုးချစ် စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရင့်သန်ခိုင်မာပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတတ်ကျွမ်းသည့် အသိပညာ၊အတတ်ပညာ စွမ်းအားဖြင့် ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသည့် အသိပညာရှင်၊ အတတ် ပညာရှင်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

မျိုးဆက်သစ်ကျောင်းသူ၊ကျောင်းသားများကို စိတ်ထားဖြူစင်မြင့်မြတ်ပြီး ကိုယ်ကျင့်တရားဖြောင့်မတ်ခိုင်မာသည့် အသိပညာရှင်တွေ၊ အတတ်ပညာရှင် တွေ ဖြစ်အောင်၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုးများကို မြတ်နိုးလေးစားသည့် အသိပညာရှင်၊ အတတ်ပညာရှင်တွေ ဖြစ်လာအောင်၊ အထူးသဖြင့် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာသည့် အသိပညာရှင်၊ အတတ်ပညာရှင်တွေဖြစ်လာအောင် ဆရာ၊ ဆရာမများက လေ့ကျင့်ပျိုးထောင် ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သည် လည်း ဖွံ့ဖြိုးဝေစည်ခိုင်ခံ့ထည်ဝါမှာ ဧကန်အမှန်ပင်ဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံများမှ အကြီးအကဲများ ဝမ်းမြောက်သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံ အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ဝမ်းမြောက်သဝဏ်လွှာများ အသီးသီးပေးပို့လျက်ရှိကြသည်။

အင်ဒိုနီးရှား

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အင်ဒိုနီးရှားသမ္မတ မဒမ်မယ်ဂါဝတီဆိုကာနိုပူထရီထံမှ ပေးပို့သော သဝဏ်လွှာတွင်ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း။

မြန်မာနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့သည် အာဆီယံအခြေခံမူဘောင်အတွင်း ဆက်ဆံရေးခိုင်မာတိုးတက်လျက်ရှိကြောင်း၊ လာမည့်နှစ်များတွင်လည်း မိမိတို့နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်မြင့်မား တိုးတက်နေမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာလုံခြုံရေးနှင့် မိမိတို့၏ ဒေသတိုးတက်ကြွယ်ဝမှုအတွက်အမျိုးသားဖွံ့ဖြိုးမှုလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာတစ်စောင်ကို အင်ဒိုနီးရှားသမ္မတက နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်း ပေးပို့သည်။

စင်ကာပူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတမစ္စတာအက်စ်အာရ်နာသန်ထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေး မြင့်မားတိုးတက်နေ ကြောင်း၊ လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံပြည်သူလူထု၏ အကျိုးစီးပွားများအတွက် မိမိတို့၏ ဆက်ဆံရေး ခိုင်မာတိုးတက်နေပြီဖြစ်ကြောင်း ဖော်ပြသည်။

စင်ကာပူသမ္မတထံမှ မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ အလားတူ သဝဏ်လွှာတစ်စောင် ပေးပို့သည်။

နီပေါ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ နီပေါနိုင်ငံ ဘုရင်မင်းမြတ် ဂျန်နင်ရာဘီဘီခရမ်ရှားဒေ့ဖ်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိ အနေဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့နှင့် ပြည်သူလူထုကိုယ်စား လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်အောင်မြင်မှုများ ရရှိရန် ဆုတောင်းအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံသည် လာမည့်နှစ်များတွင်လည်း ရင်းနှီးချစ်ကြည်သော ဆက်ဆံမှုတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သီရိလင်္ကာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ ချန်ဒရာ ကာဆန်ဒရာ နိုက်ကေး ကုမာရတွန်ဂါထံမှပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ အစိုးရအဖွဲ့နှင့် ပြည်သူလူထုကိုယ်စားလည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုရှိသည့် ဆက်ဆံရေးမှာ ခိုင်မာတိုးတက်နေပြီး လာမည့်နှစ်များတွင်လည်း ဆက်ဆံရေး မြင့်မားနေမည် သာလျှင်ဖြစ်ကြောင်း ဖော်ပြထားသည်။

မလေးရှား

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ မလေးရှားနိုင်ငံဝန်ကြီးချုပ်ဒါတိုဆရီအဗ္ဗဒူလာ ဘင်ဟာဂျီအာမက် ဘာဒါဝီထံမှ ပေးပို့သောသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အဆွေတော်၏ ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဟု မိမိယုံကြည်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများရရှိနေသည့်အတွက် မိမိကျေနပ်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား ဆက်ဆံရေးဆက်လက်မြှင့်တင်သွားကြမည်ဖြစ်ကြောင်းဖော်ပြထားသည်။ (ကြေးမုံ)

ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ်အရှည်တည်တံ့ခိုင်ခံ့ရေး၊ သမိုင်းအစဉ်အဆက်က ဖြစ်ထွန်းခိုင်မာလာခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးပွားခိုင်မာရေး၊ ဘိုးဘွားအမွေအနှစ်ဖြစ်သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရေးတို့အတွက် တည်ငြိမ်ခိုင်မာသော အခြေခံကောင်းများ တည်ဆောက်ထားနိုင်စေဖို့ကို တစ်မျိုးသားလုံး စိတ်တူကိုယ်တူချီတက်လျှောက်လှမ်းကြရမည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

တစ်မျိုးသားလုံးအတွက် ရေရှည်တည်တံ့ခိုင်ခံ့သည့် အနာဂတ်ကို ဖော်ဆောင်တည်ဆောက်ပေးမည့် ဤမူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးမှာ တိုင်းရင်းသားပြည်သူများအားလုံး၏ ညီညာတက်ကြွသည့် ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှု၊ အမျိုးသားရေး အသိစိတ်ဓာတ်အပြည့်အဝဖြင့် ပံ့ပိုးထောက်ကူမှုများ များစွာလိုအပ်လျက်ရှိကြောင်း။

ဆရာ၊ ဆရာမတို့လို ပညာရှင်အပိုင်းကလည်း ကျောင်းသူ၊ ကျောင်းသားလူငယ်များနှင့်တကွ ပြည်သူအများက နိုင်ငံတကာအခြေအနေ၊ မိမိနိုင်ငံ၏ ပကတိအခြေအနေ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှု အခြေခံတွေ၊ ရှေ့အနာဂတ်အလားအလာတွေအရ နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းမည့် လုပ်ငန်းစဉ်ကြီး ခုနစ်ရပ်သည်သာ တည့်မတ်ခိုင်မာသော အမျိုးသားရေးလမ်းကြောင်းမှန်ပဲဖြစ်သည်ကို ပီပြင်ရှင်းလင်းစွာသိမြင်ပြီး တက်ကြွစွာပူးပေါင်းပါဝင်လာစေဖို့အတွက် စည်းရုံးဦးဆောင်ကြဖို့ လိုအပ်လျက်ရှိကြောင်း။

ပညာသတိဖြင့်ရှုမြင်

အထူးသဖြင့် နိုင်ငံတကာ ဖြစ်စဉ်ဖြစ်ရပ်များကိုမပြတ်သည့်အမျိုးသားရေး သတိဖြင့် ရှုမြင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ရေရှည်အကျိုးစီးပွား မထိခိုက် မနစ်နာစေရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြဖို့၊ ဘေးပယောဂ သွေးထိုးသပ်လျှိုမှုများ၏ ဆိုးညစ်သော အရင်းအမြစ်ကို ပညာသတိဖြင့် ရှုမြင်ရှောင်ရှားနိုင်စေဖို့အတွက် ကျောင်းသူ၊ ကျောင်းသားများနှင့်တကွ ပြည်သူများအသိအမြင် ဗဟုသုတကြွယ်လာအောင်၊ အမျိုးသားရေး စိတ်ဓာတ် တက်ကြွမြင့်မားလာစေရအောင် ဆရာ၊ ဆရာမများအားလုံးက စည်းရုံးဦးဆောင်ပေးကြဖို့မှာကြားလိုကြောင်း။

ထို့ပြင် တက္ကသိုလ်၊ ကောလိပ်များက ဆရာ၊ ဆရာမများအားလုံးအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်ရေးတို့အတွက် မျိုးဆက်သစ်လူငယ်များ၏ ပခုံးထက်ကျသော အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်း သိမြင်ပြီး မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသား လူငယ်လူရွယ်များကို အမျိုးသားရေးမျှော်မှန်းချက်နှင့်အညီ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်မှာ လျှောက်လှမ်းနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ–

- **အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာအဆင့်မီပညာရည်မြင့်မားထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **"ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်အံ့" ဆိုသည့် မြန်မာ့ပညာရေးဆောင်ပုဒ်နှင့်အညီမိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်စွမ်းဆောင်ပေးနိုင်မယ့် ပညာရှင်များအဖြစ်နှင့် အမျိုးသားပညာရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ဤသင်တန်းမှာ ဆွေးနွေးပို့ချပေးမည့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်၊ နိုင်ငံတကာ၏ အခြေအနေစုံနှင့် သိသင့်သိအပ်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ အကြောင်းအရာစုံကို စိတ်ဝင်တစား လေ့လာကြပါ၊ ဆွေးနွေးကြပါ၊ မှတ်သားသွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နံနက် ၁၀နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါသင်တန်းသို့တက္ကသိုလ်၊ကောလိပ်များမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ဆရာမ ၁၄၇၀ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။ (သတင်းစဉ်)

✡ ဘင်း(မ်)စတက်မှ

အသက်(၁၈)နှစ်အောက် မြန်မာ လူငယ်အသင်းကို နည်းပြချုပ် ဦးတင်ဟန်နှင့် နည်းပြဦးကြည်လွင်တို့က လေ့ကျင့်ပေးလျက်ရှိသည်။

အဆိုပါ ဘင်း(မ်)စတက် နိုင်ငံများ ဘောလုံးပြိုင်ပွဲတွင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဟု သိရသည်။ (ကြေးမုံ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ဇန်နဝါရီ၅ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏အထူးကိုယ်စားလှယ် (Special Envoy) H.E.Mr.Le Van Bangနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။(သတင်းကျောဖုံး)

(သတင်းစဉ်)

❁ ၂၀၀၂ခုနှစ်မှ

အစီအစဉ်အရ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က ဂုဏ်ပြုပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က ၂၀၀၂ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်ပွဲတွင် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရ ဂီတလုလင်ဦးကိုကို၊ အကောင်းဆုံး အသံထူးချွန်ဆုရ ဖိုးထောင်၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ ကျောက်ဖြူ(ပဒေသာ)နှင့် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုရ ခင်မောင်ကြီးတို့ အားလည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ (၁) ဦးမြင့်နိုင်က အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရ ဒါရိုက်တာ ပန်းချီစိုးမိုး၊ အကောင်းဆုံး အမျိုးသားဓာတ်ပို့ဆုရ ညွန့်ဝင်း၊ အကောင်းဆုံး အမျိုးသမီး ဓာတ်ဆောင်ဆုရ ခင်ဇာခြည်ကျော်၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ညွှန်းဆုရ ငြိမ်းမင်းနှင့် အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုရ ဇော်မင်း(ဟံသာမြေ)တို့အား လည်းကောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၂) ဦးလှမျိုး (အေဝမ်းမောင်လှမျိုး)က အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရ ဒါရိုက်တာ ကြည်စိုးထွန်း၊ အကောင်းဆုံး အမျိုးသား ဓာတ်ဆောင်ဆုရ လူမင်း၊ အကောင်းဆုံးအမျိုးသမီး ဓာတ်ပို့ဆုရ မေသန်းနု၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ကားဆုများ ရရှိကြသည့် "ငါသူတစ်ပါး ယောကျ်ားမိန်းမ" ဓာတ်ကားထုတ်လုပ်သူ ဒေါ်စမ်းစမ်းဆွေ (ကြယ်တံခွန်ရုပ်ရှင်ထုတ်လုပ်ရေး)နှင့် "ဆန်ရေ" ဓာတ်ကားထုတ်လုပ်သူ အကယ်ဒမီမြင့်မြင့်ခိုင်(စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေး)တို့အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ယင်းနောက် ၂၀၀၂ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် အမျိုးသားရုပ်ရှင်ပညာရှင်များကိုယ်စား အကောင်းဆုံး အမျိုးသားဓာတ်ဆောင်ဆုရ အကယ်ဒမီလူမင်းက လည်းကောင်း၊ အမျိုးသမီး ရုပ်ရှင်ပညာရှင်များကိုယ်စား အကောင်းဆုံးအမျိုးသမီး ဓာတ်ပို့ဆုရ အကယ်ဒမီမေသန်းနုကလည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဂုဏ်ပြုပွဲအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်း လွန်ကျောင်း ၂၀၀၃ –၂၀၀၄ခုနှစ် ပညာရေး စုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ပထမတန်း (A) မှ တန်းခွဲဆုသုံးဆုနှင့် တန်းပေါင်းချုပ်ဆုတစ်ဆု ရရှိသူ မဆွေဇင်ထားအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆–၁–၂၀၀၄ (အင်္ဂါနေ့)

၁၃၆၅ ခုနှစ်

ပြာသိုလပြည့် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊ မွေ့ဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော် မူအပ်သော ဥပုါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ အရေးပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ ဖောင်းကတောရေလျှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Grammar Made Easy.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၅:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ Milo Success in Soccer.
- ၇:၁၀ ၁၂။ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်(အပိုင်း–၂)
- ၇:၂၀ ၁၃။ ထွန်းလင်းရောင်ဝါသာသနာ (အပိုင်း–၂)
- ၇:၄၀ ၁၄။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု "ကျေးလက်မြို့ပြ တူမျှအလေးပေး အမျိုးသားကျန်းမာရေး"
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း–၁၀)**
- ၁၉။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ဥပုသ်နေ့နှုတ်ဆက်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည် လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှုတ်ဆက်အပ်ပါသည်။

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်၁၁နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့် စက်ရုံသို့ ရောက်ရှိရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား စက်ရုံ အစည်းအဝေးခန်းမတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ အင်ဂျင်နီယာချုပ် ဦးတင်ဝမ်းနှင့် စက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးဝင်းတို့က ရေကူးအသံလွှင့် စက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်ရုံ၏မြေဧရိယာအတွင်း စက်ရုံအဆောက်အအုံနှင့် အင်တင်နာတိုင်များ တည်ဆောက်ထားရှိမှု၊ အကွက်ချပုံစံ၊ စက်များအလှည့်ကျစနစ်ဖြင့် ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်နေမှုအခြေအနေ၊ စက်များ၏သက်တမ်းနှင့် လက်ရှိလွှင့်အား အခြေအနေ၊ စက်များ၏ ကြံ့ခိုင်မှုနှင့် ပြုပြင်မှုအခြေအနေများ၊ စက်ရုံဝင်းအတွင်း လုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးစီမံချက် ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ထားရှိမှုတို့ကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက မှာကြားရာတွင် ရေဒီယိုထုတ်လွှင့်မှုကို တတ်နိုင်သမျှအဆက်မပြတ် ထုတ်လွှင့်နိုင်ရေးအတွက် စက်များ၏ကြံ့ခိုင်ရေးကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် အလေးထား ဆောင်ရွက်သွားရန်၊ စက်များ၏ လွှင့်အားကို လျော့ကျမသွားအောင် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ရန်၊ စက်များပြင်ဆင်မှုကို ပြည်တွင်း၌ ထုတ်လုပ်သော စက်အပိုပစ္စည်းများဖြင့် ပြည်တွင်း၌သာ ပြုပြင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ရေဒီယိုလွှင့်ထုတ်မှုများကို ဦးတည်ထုတ်လွှင့်သော နယ်မြေများ၌ ရှာနွှန်းပြည့်ဖမ်းယူနားထောင်နိုင်ရေး ဆောင်ရွက်သွားရန်၊ စက်ရုံအဆောက်အအုံ ပတ်လည်နှင့် မီးဘေးအန္တရာယ်ဖြစ်နိုင်သော နေရာများကို ဦးစွာရှင်းလင်းပြီးမှ စက်ရုံဝင်းအတွင်း မြက်ပင်၊ ချုံနွယ်များကို အကွက်ချ ရှင်းလင်းသွားရန်၊ အသုံးပြုနိုင်သည့် မီးသတ်ဆေးဘူးများ လုံလုံလောက်လောက်ထားရှိပြီး ဝန်ထမ်းတိုင်း အသုံးပြုတတ်အောင် ပြသလေ့ကျင့်ထားရန်၊ မီးဘေးလုံခြုံရေး ဇာတ်တိုက် လေ့ကျင့်မှုများတွင် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပါ ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့် တာဝန်ရှိသူများသည် ရေကူးအသံလွှင့် စက်ရုံအတွင်း အသံလွှင့်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် စက်များကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လုံခြုံရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဂီတကမ္ဘာဂျာနယ် အမှတ် ၅၁ ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

ဂီတကမ္ဘာဂျာနယ် အမှတ် (၅၁)ကို ရန်ကုန်မြို့ ၃၄လမ်း အမှတ် (၁၂၀)ရှိ ချမ်းသာစာပေက ဖြန့်ချိထားသည်။

ဂျာနယ်တွင် နတ်ကြီးတဲ့ အကယ်ဒမီမြင်ကွင်းစုံ၊ ၂၀၀၈တွင် အနားယူမည့် ကျော်ဟိန်း၏စိတ်ကူး၊ ၂၀၀၃ မယ်မြန်မာနှင့် ပန်းဧကရီမယ် အပါအဝင် မြန်မာ့ဂီတနှင့် နိုင်ငံတကာဂီတများပါ ပြည့်စုံဝေဆာစွာ ဖော်ပြထားသည်။ (က–ပ)

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကြီးအတွင်း တည်ဆောက်ခဲ့သော နန်းမြင့်မျှော်စင် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင်ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

ငင်းနန်းမြင့်မျှော်စင် ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီး တင်ငွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူကလေးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။ အစီအစဉ်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန်းဆွေက နန်းမြင့်မျှော်စင်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်တို့က နန်းမြင့်မျှော်စင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဓါတ်ပုံ)**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နန်းမြင့်မျှော်စင်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဧည့်သည်တော်များသည် နန်းမြင့်မျှော်စင်နှင့် နန်းမြင့်မျှော်စင် အမြင့်မှနေ၍ ရန်ကုန်မြို့တော်ရှုခင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ပဲခူးမြစ် ရှုခင်းတို့ကို ကြည့်ရှုသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အသီးသီးမှ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေရာ ဝန်ကြီးက ကြည့်ရှုအားပေး နှုတ်ဆက်သည်။

ဖွင့်ပွဲနေ့တွင် Tree တေးဂီတအဖွဲ့နှင့် စတီရီယို အဆိုတော်များက တေးသီချင်းများဖြင့် လည်းကောင်း၊ တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် လည်းကောင်း၊ ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ကြည့်ရှုသူများနှင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ နန်းမြင့်မျှော်စင်သည် မျှော်စင်အမြင့် ၇၄ပေ၊ ပြာသာဒ်အမြင့် ၄၅ပေ စုစုပေါင်း ၁၁၉ပေ မြင့်ပြီး မျှော်စင်အချင်းမှာ ၄၄ပေဖြစ်သည်။ နန်းမြင့်မျှော်စင်တွင် မြေညီထပ် အပါအဝင် ခုနစ်ထပ်ရှိသည်။ မျှော်စင်ပေါ်ရှိ ကြည့်ရှုဆောင် (Viewing Deck) မှနေ၍ ရန်ကုန်မြို့တော် မြင်ကွင်းနှင့် ပဲခူးမြစ်ရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာအပန်းဖြေနိုင်သည်။

(သတင်းစဉ်)

မြန်မာ့ဆန်စက်လုပ်ငန်းများပြပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာ့ဆန်စက်ပြပွဲ–၂၀၀၄ကို ဇန်နဝါရီ ၈ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်းရှိ ကုန်သွယ်မှုဗဟိုဌာနတွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းဆန်စက်ပြပွဲတွင် ပြည်တွင်းပြည်ပမှ ဆန်စက်လုပ်ငန်းရှင်များ၏ ဆန်စက်ရုပ်ပုံကားချပ်များနှင့် ဆန်စက် အပိုပစ္စည်းများကို ခင်းကျင်းပြသသွားမည်။ ဆန်စက်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာ များနှင့် ဆန်စက်အပိုပစ္စည်းထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကိုလည်းကောင်း၊ အဆင့်မြင့် ဆန်များနှင့် အရည်အသွေးမီဆန်များ ကြိတ်ခွဲတင်ပို့ရေးဆိုင်ရာ နည်းပညာများကို လည်းကောင်း၊ ဖွဲနုစားဆီ ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာများကိုပါ ပြည်ပမှ ပညာရှင်များနှင့် ပြည်တွင်းမှ ပညာရှင်များက စာတမ်းများဖတ်ကြားကြမည်။အဆိုပါ စာတမ်းဖတ်ပွဲကို နေ့စဉ် နံနက်၈နာရီခွဲမှ မွန်းတည့်၁၂နာရီထိ ဇန်နဝါရီ၉ရက်မှ စတင်လျက် ဟောပြောကြမည် ဖြစ်ရာ စိတ်ဝင်စားသူများ တတ်ရောက်နိုင်ကြောင်းနှင့် သိလိုသည်များကို မေးမြန်းနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

တရုတ်ရိုးရာ ၂၀၀၄ ခုနှစ် ဟောကိန်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းအဖွဲ့မှ စီစဉ်ထုတ်ဝေသည့် တရုတ်ရိုးရာဟောကိန်းများကို ပုံရိပ်ရှင် ၁၂မျိုးအတွက် တစ်မျိုးတစ်အုပ်စီ ထုတ်ဝေထားသည်။ ၂၀၀၄ခုနှစ်အတွင်း ဖြစ်ပျက်ကြုံတွေ့ရမည့် အချက်များကို ရက်ပိုင်းအလိုက်ဟောဆိုထားသည်။ တန်ဖိုးကျပ် ၂၀၀ ဖြစ်သည်။

(က–ပ)

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ ငါးမွေးမြူရေး အထူးဇုန် ကြီးကြပ်မှုကော်မတီ ကြေညာချက်

၁။ စိုက်ပျိုးမြေ(၅)ဧက၊ တစ်ယူနစ်အခမဲ့ပေးမည်။

၂။ ကိုယ့်အားကိုယ်ကိုး ဂုံခင်းလမ်း၊ လျှပ်စစ်မီးနှင့်ရေပြွန်ပေါက် ပြုလုပ်ရန် တစ်ယူနစ်လျှင် ၆၇၀၀၀ဝိ/–ပေးသွင်းရမည်။

၃။ စားဖိုဆောင်သီးနှံနှင့် ဟင်းသီးဟင်းရွက်၊ကြက်/ငါးများကိုသာ စိုက်ပျိုး မွေးမြူရမည်။

၄။ နှစ်ရှည်ပင်အားခြံစည်းရိုးပတ်လည်တွင်သာ စိုက်နိုင်သည်။ အကွက် အလယ်၌ လုံးဝမစိုက်ရ၊ ခြံစည်းရိုးတွင် ဆူးပုပ်၊ ကင်ပွန်းချဉ်၊သပြေ၊ ပေါက်ပန်းဖြူ၊ ပြည်ပန်းညို၊ ဒန့်ဒလွန်၊ကြောင်လျှာ၊သံပရာ၊ရှောက်၊ ကျွဲကော၊လိမ္မော်၊ ကွမ်းသီး၊အုန်း၊ငှက်ပျော၊ သဘောစသည့်အပင်လတ် အုပ်စုများကိုသာစိုက်ရမည်။

၅။ စည်းကမ်းနှင့်အညီ စနစ်တကျစိုက်ပျိုးနေသည့် ကာလပတ်လုံး ရာသက်ပန် လုပ်ကိုင်ခွင့်ပေးမည်။(၅၀ရာခိုင်နှုန်း)ပြည့်အောင်မစိုက်ပါက လုပ်ပိုင်ခွင့်ရုပ်သိမ်းမည်။ ငွေပြန်မအမ်းပါ။

၆။ ဇုန်ကြီးကြပ်ရေးကော်မတီ၏အစီအစဉ်ဖြင့် ညှိနှိုင်းသည့်ကိစ္စမှအပ သီးနှံနှင့် ကြက်/ငါးများကို ပြည်တွင်း၊ပြည်ပသို့ လွတ်လပ်စွာ ရောင်းချနိုင်သည်။

၇။ စဉ်ဆက်မပြတ် (၅)နှစ်စိုက်ပျိုးပြီးလုပ်ကိုင်ခွင့်ပြောင်းလဲလိုပါက တည်ဆဲမြေယာဥပဒေများနှင့်အညီ ပြောင်းလဲချထားခွင့်ပြုမည်။

၈။ နိုင်ငံခြားသားအား ရောင်းချခြင်း၊ မည်သည့်နည်းနှင့်မျှပိုင်ဆိုင်ခွင့်ပေးခြင်း ခွင့်မပြု(မပြု)။

၉။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆက်စပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်လျှောက်ထားပါက စိစစ်ခွင့်ပြုပေးမည်။

၁၀။ တစ်ဦးလျှင်အနည်းဆုံး(၁)ယူနစ်(၅)ဧကမှ အများဆုံး(၂)ယူနစ်(၁၀)ဧကအထိ လုပ်ကိုင်ခွင့်ချထားပေးမည်။

၁၁။ ဇုန်သက်တမ်း(၃)နှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း ၇၆၇၁ဧက၊ ကြက်မွေးမြူရေးလုပ်ငန်း ၁၉၈၃ဧက၊ ငါးမွေးမြူရေးလုပ်ငန်း၇၈၃ဧက၊ စက်မှုလုပ်ငန်း၁၅၅ ဧက၊ စုစုပေါင်း၁၀၅၉၂ဧကခွင့်ပြုချထားပေးပြီးဖြစ်သည်။

၁၂။ ယနေ့အထိ အသားစားကြက်ကောင်ရေ (၆)သိန်းကျော်၊ ဥစားကြက်ကောင်ရေ (၁)သိန်းကျော် စုစုပေါင်းကြက်ကောင်ရေ (၇)သိန်းကျော် မွေးမြူထုတ်လုပ် အောင်မြင်လျက်ရှိသည်။

၁၃။ ရန်ကုန်ပြည်လမ်းဘက်မှ ဇုန်အဝင်ကတ္တရာလမ်း(၅)မိုင်၊ရန်ကုန်–ပဲခူးလမ်း ဘက်မှ ဇုန်အဝင် ကွန်ကရစ်လမ်းမကြီး (၄)မိုင်၊ ဇုန်အတွင်းမြေသားဂုံလမ်း၁၀၈မိုင် ဖောက်လုပ်ပေးပြီးဖြစ်သည်။

၁၄။ (၁၁)ကေဗီအေ ဓာတ်အားလိုင်း ၂၈မိုင်၊၄၀၀ဗို့လိုင်း ၅၄မိုင်သွယ်တန်းပေးထားပြီး ၂၄နာရီ ဓာတ်အားသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။

၁၅။ ကိုယ်တိုင်လှည့်အော်တိုတယ်လီဖုန်းစနစ် တပ်ဆင်ထားရှိပြီး ပထမအဆင့်အနေဖြင့် လုပ်ငန်းရှင်၁၀၀ဦးသုံးစွဲခွင့်ရရှိပြီးဖြစ်သည်။ထပ်မံ၍ လိုင်း ၅၀၀ကျော် တိုးချဲ့တပ်ဆင်ပေးမည်။ ကုန်ကျစရိတ် သက်သာစွာဖြင့် သုံးစွဲခွင့်ရရှိမည်။

၁၆။ အထယုရေလှောင်တမံတစ်ခု ဆောက်လုပ်ပေးထားပြီး ၎င်းမှလက်တံတူးမြောင်းကွန်ရက်မိုင်(၂၀၀)ကျော် ဖောက်လုပ်ကာရေပေးဝေရေး ဆောင်ရွက်ပေးထားသည့်အပြင် ငမိုးရိပ်လက်ယာတူးမြောင်းမှ ဆည်ရေကိုလည်း မြောင်းလက်တံ(၂ဒသမ၅)မိုင်တူးပေးပြီး ရေပေးဝေနေသဖြင့် ရေလုံလောက်စွာရရှိရေး စီစဉ်ပေးထားပြီး ဖြစ်ပါသည်။

၁၇။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းပညာနှင့်ပံ့ပိုးမှုလုပ်ငန်းဆပ်ကော်မတီဖွဲ့စည်းထားပြီး ဇုန်အတွင်းစိုက်ပျိုးရေး လုပ်သားများကို သင်တန်းပို့ချပေးလျက်ရှိသည်။ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ဓာတ်ခွဲခန်းများဖွင့်လှစ်ပေးထားသည်။ မျိုးစေ့အရောင်းဆိုင်၊ ဓာတ်မြေဩဇာ အရောင်းဆိုင်များဖွင့်လှစ်ပေးထားသည်။

၁၈။ လုံခြုံရေးအတွက် ရဲစခန်း(၂)ခုနှင့်ရဲကင်းစခန်း(၃)ခု ဖွင့်လှစ်ပေးထားသည်။

၁၉။ စာသင်ကျောင်း(၂)ကျောင်း၊ ကျန်းမာရေးဆေးခန်း(၁)ခု၊ မီးသတ်စခန်း၊(၁)ခုနှင့်ဇုန်တာဝန်ရုံးနှင့် အစည်းအဝေးခန်းမကြီး(၃)ခု ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

၂၀။ ခရီးသည်တင်ကားနှင့် ဈေးကားများစီစဉ်ပေးထားသည်။

၂၁။ ညောင်နှစ်ပင်အထူးဇုန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းလုပ်ကိုင်ရန် စိတ်ပါဝင်စားသူများ အောက်ဖော်ပြပါ ဇုန်ကြီးကြပ်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

(၁) ဦးလှစိုး အထူးဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဖုန်း–၃၇၀၅၀၈ တိုင်းအုပ်ချုပ်ရေးမှူး၊ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အမှတ်(၅၀)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။

(၂) ဦးအောင်စန်း အထူးဇုန်(၁) တာဝန်ခံ ဖုန်း–၆၆၄၀၉၃ တိုင်းမန်နေဂျာ၊ ခဝဲခြံ(၁)လမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

(၃) ဦးသိန်းနိုင် အထူးဇုန်(၂)တာဝန်ခံ ဖုန်း–၆၄၂၂၂၇ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်။

(၄) ဦးကျင်ထွန်း အထူးဇုန်(၃)တာဝန်ခံ တိုင်းမြေစာရင်းမှူး၊ တိုင်းမြေစာရင်းဦးစီးဌာန အမှတ်(၄၈၆) ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း–၃၈၀၂၇၃

(၅) ဦးသိန်းဇော် အထူးဇုန်ကွပ်ကဲရေးတာဝန်ခံ မှော်ဘီဆန်းခန်းမ၊ ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်။ ဖုန်း–၆၀၁၁၀၀ EX–၁၄၄

၂၂။ (၅၀%) ပြည့်အောင် စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်ခြင်းမရှိသည့် မြေ(၆၀)ယူနစ် (၃၀၀)ဧက ပြန်လည်သိမ်းဆည်းပြီး ထပ်မံလျှောက်ထားသူများအား လုပ်ကိုင်ခွင့်ပြောင်းလဲချထားပေးပြီး ဖြစ်ပါသည်။ အထူးဇုန်ကြီးကြပ်ရေး ကော်မတီအနေဖြင့် ညောင်နှစ်ပင်အထူးဇုန်၏ လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ သတ်မှတ်စည်းကမ်းများအတိုင်း စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသော လုပ်ငန်းရှင်များ လုပ်ကိုင်ခွင့် သိမ်းဆည်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
အထူးဇုန်ကြီးကြပ်ရေးကော်မတီ

ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လ၏ ထေရုပ္ပတ္တိအကျဉ်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း မဟာသာသနဝေပုလ္လကျောင်းနှင့် သင်္ဃန်းကျွန်းကြီးမြို့နယ် ပုလဲမြို့သစ် ကာယ (၉)လမ်း မဟာသာသနဝေပုလ္လ ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ ဂျပန်နိုင်ငံတွင် နှစ်ပေါင်း ၃၅ နှစ်ကြာ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်တော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝေပုလ္လသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ကန်ရွာ ဇာတိဖွား ဖြစ်ပါသည်။

သက္ကရာဇ် ၁၂၇၈ခုနှစ်၊ တပို့တွဲလဆန်း ၉ရက်၊ ဗုဒ္ဓဟူးနေ့တွင် ခမည်းတော် ဦးပေါ်–မယ်တော် ဒေါ်အေးမြတ်တို့က ဖွားသန့်စင်ခဲ့ပါသည်။ ၁၇ နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၂၉၈ခုနှစ်၊ တန်ခူးလပြည့်ကျော်တွင် ဆရာတော်လောင်းလျာသည် ကန်တောရကျောင်းတိုက် ခဏ္ဍသိမ်တွင် ပထမကန်တောရဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ကန်ရွာ ဦးဘစိန်–ဒေါ်မြထွေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဂန့်ဂေါမြို့နယ် ကန်ရွာ ကန်တောရကျောင်းတိုက် ကန်တောရ ဆရာတော်ထံတွင် အခြေခံစာပေများမှစ၍ ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းများကို ဂဃနဏ ရဟန်း (၅)ဝါတိုင်တိုင် သင်ကြားခဲ့ပါသည်။

၁၉၄၂ခုနှစ် မန္တလေးမြို့အနောက်ပြင် အဘယာရာမ ဆရာတော်ကြီးထံ၌ ဝုဒ်ဝေဒနာ သောဓနာနည်းစုံ တွဲဖက်ကာ ပိဋကတ်စာပေများ သင်ကြားခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း အရှင်ဝေပုလ္လသည် ဋီကာကျော် (အဘိဓမ္မတ္ထဝိဘာဝိနီ)ကို မဏိသာရမဥ္ဇူသာဋီကာနှင့် တွဲဖက်၍ ပြီးဆုံးအောင် သင်ယူခဲ့ပါသည်။

၁၉၅၀ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရမှ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

၁၉၅၂ခုနှစ်၌ မန္တလေးအနောက်ပြင် စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ၏ ချီးမြှောက်မှုဖြင့် နေ့စဉ်စာဝါများ ပို့ချခဲ့ပါသည်။ ထိုသို့ ပို့ချစဉ် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ သံယုတ္တနိကာယ မူလဝိသောဓကအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၁၉၅၇ခုနှစ်တွင် နိုင်ငံတော်ဗုဒ္ဓသာသနာပြုအဖွဲ့၏ စေလွှတ်ချက်အရ ဂျပန်ပြည်၌ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားရေးအတွက် ၃၅နှစ်တိုင်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ပါသည်။ ဂျပန်နိုင်ငံ မိုချီဂမြို့ ဓမ္မဒူတဌာန၌ ပုံမှန်ဆောင်ရွက်သည့် တရားပွဲများ ဟောပြောခြင်း၊ ကမ္မဋ္ဌာန်းပေးခြင်း၊ သာသနာပြု သင်တန်းပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

လက်တွေ့ ကျင့်သုံးလိုသော အမျိုးသားများကို ထေရဝါဒရှင်သာမဏေအဖြစ် ခံယူစေပါသည်။ သာသနာပြုသင်တန်းများကို ဂျပန်နိုင်ငံ နေရာအနှံ့အပြား၌ အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပါသည်။ ရံဖန်ရံခါ ဂျပန်နိုင်ငံမှနေ၍ သီရိလင်္ကာ၊အိန္ဒိယ၊ ကိုရီးယား၊ စင်ကာပူ၊ အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ပြင်သစ် စသည်ဖြင့် ကြွရောက်၍ သက်ဆိုင်ရာ ဆရာတော်ကြီးများနှင့် လိုအပ်သလိုညှိနှိုင်းတိုင်ပင် ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဂျပန်ဘာသာဖြင့် စာပေကျမ်းဂန်များ ရေးသားတော်မူခဲ့ပါသည်။ ထိုစာပေကျမ်းဂန်သင်တန်း၊ ကမ္မဋ္ဌာန်းတရားပွဲများမှတစ်ဆင့် ဂျပန်လူမျိုးအများစုသည် မြန်မာနိုင်ငံသို့ လာရောက်၍ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် လာရောက်ကူညီ ပံ့ပိုးသူများ၊ ဂျပန်စစ်သည်တော်များအတွက် ကျန်ရစ်သူ ဂျပန်စစ်ပြန်များက နှစ်စဉ်လာရောက်၍ အမှုထမ်းစေကာ ကုသိုလ်ကောင်းမှုပြုခြင်းများ ပြုလုပ်လာကြပါသည်။

၁၉၉၁ခုနှစ်တွင် ဆရာတော်ကြီး အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးအခြေအနေ မကောင်းပါသဖြင့် ဂျပန်ပြည်ရှိ သား ဦးတင်မောင်ဝင်း–ဒေါက်တာဒေါ်မြမာလာတို့က မြန်မာနိုင်ငံရှိ ၎င်းတို့၏ မိဘများဖြစ်သည့် ဦးကိုကိုလေး–ဒေါ်ကြင်ကြင်တို့အား ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမခံယူစေပြီး ဆရာတော်အား မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်စေပါသည်။

ယောနယ်မှ ဒါယကာ၊ ဒါယိကာမများနှင့် ရန်ကုန်မှ ဆရာတော်၏တပည့် ဒါယကာ၊ ဒါယိကာမများကလည်း ဆွမ်းကွမ်းပံ့ပိုးပေးကြပါသည်။

၂၀၀၁ခုနှစ်တွင် ဆရာတော်ကြီးသည် ဗုဒ္ဓစာပေနှင့် စာအောင်ဆု ငွေပဒေသာပင် စိုက်ထူကာ ဗိုလ်ချုပ်ကြီး ခင်ညွန့် (ယခုနိုင်ငံတော်ဝန်ကြီးချုပ်)မှတစ်ဆင့် ကျပ်သိန်း ၈၅၀၁၂၇၈ ပေးအပ်လှူဒါန်းခဲ့ပါသည်။ နှစ်စဉ် ဗုဒ္ဓစာပေ စာအောင်ဆုများ ချီးမြှင့်ခဲ့ပါသည်။ ထို့ပြင် သာသနာရေးနှင့် ဆိုင်သော ပရိယတ္တိစာသင်ကျောင်းများ၊ ပညာရေးစာသင်ကျောင်းများကို ဂျပန်နိုင်ငံမှ မိတ်ဆွေများအကူအညီဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်မှာ စုစုပေါင်း သိန်းတစ်ထောင်နီးပါးခန့် ရှိပါသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂ရက် နံနက် ၁နာရီ ၅မိနစ်တွင် ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီး သီးသန့်ခန်း (၁)တွင် တက်ရောက်ကုသနေစဉ် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။ ။

ရှင် ၁၀၈ ပါး ပြုပွဲ ရေတွင်းနှင့်စောင်လှူဒါန်းပွဲနှင့် သာသနာပြုပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်ပိုင်ရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်၊ ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ မိသားစုတို့က ရခိုင်ပြည်နယ် ရမ်းဗြဲ မြို့နယ် တိန်ပြင် ကျေးရွာတွင် ရှင် ၁၀၈ပါး ရှင်ပြုပွဲ၊ ကထိန်အောင်ပွဲ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စာသင်ကျောင်း၊ တံတား၊ရေတွင်းနှင့် စောင်အထည် ၁၀၀၀ လှူဒါန်းပွဲကို ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာတွင် ဇန်နဝါရီ ၈ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါနေ့ည ၆နာရီတွင် ပြည်တွင်း၊ ပြည်ပ သာသနာပြု အလိုတော်ပြည့် ဆရာတော်ကြီး ဘဒ္ဒန္တအရိယဝံသက တရားတော်များ ချီးမြှင့်မည်ဖြစ်ပြီး ရခိုင်ရိုးရာ အကပဒေသာပွဲနှင့် အားကစားပွဲများပါ စီစဉ်ထားကြောင်းသိရသည်။(က–ပ)

ပေါက်စေတီ ကျောင်းတိုက် ဓမ္မဒူတ တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၅

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင် ပေါက်စေတီ ကျောင်းတိုက်ကြီး၌ ဓမ္မဒူတ တရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၇ရက် ညတွင် ဓမ္မဒူတဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ၊ ၈ရက်တွင် ဓမ္မဒူတ အရှင်ကောသလ္လ၊ ၉ရက်တွင် ဓမ္မဒူတ အရှင်ဉာဏာဝရ၊ ၁၀ရက်တွင် ဓမ္မဒူတ အရှင်ဃောသိတ၊ ၁၁ရက်တွင် ဓမ္မဒူတ အရှင်ကုသလ၊ ၁၂ရက်တွင် ဓမ္မဒူတ အရှင်ဉာဏုတ္တရ၊ ၁၃ရက်တွင် ဓမ္မဒူတ အရှင်ပညိဿရ၊ ၁၄ရက်တွင် ဓမ္မဒူတ အရှင်အာစိဏ္ဏ၊ ၁၅ရက်တွင် ဓမ္မဒူတ အရှင်ဝိဝေက၊ ၁၆ရက်တွင် ဓမ္မဒူတ အရှင် ဉာဏာဝုဓ၊ ၁၇ရက်တွင် ဓမ္မဒူတ အရှင်ပညာဝရ၊ ၁၈ရက်တွင်ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က ညစဉ် တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၃၉)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်ကြည့်ရှု အားပေးသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းနှင့် ရေတပ်တော်သင်း ရဲတပ်ဖွဲ့ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အသင်းက ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အနိုင်ရ ဗိုလ်စွဲသွားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ဇန်နဝါရီ ၅ရက်က (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို တပ်မတော်ခန်းမ၌ ဆက်လက်ကျင်းပ ပြသထားရာ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ်ပေါ်ရှိ လပင်တံတားဖွင့်ပွဲအခမ်းအနားကျင်းပ နိုင်ငံတွင်းရှိ သံမဏိစက်ရုံက ထုတ်လုပ်သည့် အရည်အသွေးမီသံပေါင်များဖြင့် ဆောက်လုပ် ကြိုးပမ်းတည်ဆောက်ခဲ့သည့် တပ်မတော်အင်ဂျင်နီယာများ၏ လုပ်ဆောင်မှုကို ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး၏ကြီးကြပ်မှုဖြင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက တာဝန်ယူ တည်ဆောက်ပြီးစီးခဲ့သော စစ်ကိုင်းတိုင်း၊ ကလေးခရိုင် ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝ လမ်းသစ် မိုင်တိုင်အမှတ်(၁၁၃)ရှိ လပင်တံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၁၀နာရီခွဲတွင် အဆိုပါ လပင်တံတားအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတို့ တက်ရောက်ချီးမြှင့်ကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြား၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ တံတားဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့နှင့်ပန်းဖွားအကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား တစ်သောင်းခန့် တက်ရောက်ကြသည်။

ဖွံ့ဖြိုးတိုးတက်

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယခုဆိုလျှင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိသည်ကို ပြည်သူတစ်ရပ်လုံး အသိပင်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အချို့သောဒေသများသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းမရှိသည့်အတွက် သွားလာရေးခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျကျန်နေခဲ့ရကြောင်း။

ဆောင်ရွက်

သို့သော်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် မည်သည့်ဒေသတွင်မှ ကွင်းကျန်မှုမရှိစေရေး၊ ဒေသအသီးသီး၌ ကွာဟမှုနည်းပြီး မျှမျှတတ ဖွံ့ဖြိုးလာစေရေးအတွက် လမ်းညွှန်မှာကြားခဲ့ပြီး လက်တွေ့တွင်လည်းစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တွေ့ရ

စစ်ကိုင်းတိုင်းအတွင်းတွင် ချင်းတွင်းမြစ်သည် သဘာဝ အနေအထားအရ မြောက်မှတောင်သို့ ရှည်လျားစွာ စီးဆင်းနေပြီး ချင်းတွင်းမြစ်၏ ရေဝေရေလဲ တောတောင်များသည်လည်း အနောက်ဘက်ကမ်းတွင် ပိုမိုများပြား ထူထပ်သည့်အတွက် ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း ဒေသများသည် သွားလာမှု ကန့်သတ်ချက်များရှိနေသည်ကို တွေ့ရကြောင်း။

မုံရွာမှ ကလေးဝ၊ ကလေးမြို့တို့ကို သွားလိုပါက မုံရွာ-ရေဦး-တန့်ဆည်-သက္ကယ်ကျင်းလမ်းအတိုင်း ချင်းတွင်းမြစ်ကို ရှောင်ကွင်း၍ မဟာမြိုင်တောကြီးကို ဖြတ်သန်းပြီး မိုင် ၁၆၀ ခန့် တစ်ကွေ့တစ်ပတ်ကြီး အချိန်ကုန်ခံ၊ လူပင်ပန်းခံပြီး သွားလာခဲ့ရကြောင်း။

လမ်းညွှန်

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးရေးနှင့်ချင်းပြည်နယ်၏ဝင်ပေါက်တစ်ခုဖြစ်သည့် ကလေးမြို့ဒေသ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက်အရ မုံရွာ-ယာကြီး-ကလေးဝ လမ်းကြောင်းအသစ်ကို ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ဒေသတွင် ဖောက်လုပ်ခဲ့ကြောင်း၊ ယခု ဖောက်လုပ်သည့် လမ်းကြောင်းအသစ်သည် ၁၁၅ မိုင်သာရှိသည့်အတွက် ၄၅ မိုင်ခန့် တိုတောင်းသွားပြီး အချိန်လေးနာရီကျော်ခန့်ဖြင့် မုံရွာ-ကလေးဝ လွယ်ကူမြန်ဆန်စွာ သွားလာနိုင်မှာဖြစ်ကြောင်း၊ ကလေးဝမှ တစ်ဆင့် ကလေး-တမူး၊ ကလေး-ဟားခါး၊ ကလေး-တီးတိန်အစရှိသည့် ဒေသများကိုလည်း တစ်ဆက်တစ်စပ်တည်း အချိန်တိုတိုဖြင့် သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

အကျိုးပြု

ထို့အပြင် မုံရွာနှင့် ကလေးဝ လမ်းကြောင်းတစ်လျှောက်ရှိ ကနီနှင့် မင်းကင်းဒေသမှ ကျေးရွာများအတွက်ပါ အကျိုးပြုသွားမှာဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် လပင်တံတားသည် အရှည်ပေ ၂၂၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် တစ်ဖက်တစ်ချက်စီတွင် လူသွားလမ်း အကျယ်လေးပေစီရှိပါရှိကြောင်း၊ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ရက်မ၊ အခင်း သံကူကွန်ကရစ်ဖြစ်ပြီး အောက်ခြေမှာ အချင်းကိုးပေရှိသည့် သံကူကွန်ကရစ် အုတ်မြစ်တိုင်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ တံတား၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ဖြစ်ကြောင်း၊ တံတားအောက်ခြေ ကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၉၀ ရှိပြီး အမြင့်မှာ အမြင့်ဆုံး ရေတက်ချိန် ရေမျက်နှာပြင်၏ အထက် ၁၀ ပေရှိမှာဖြစ်ကြောင်း။

ဤတံတားကြီးကို ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ထောက်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့်တပ်မတော် အင်ဂျင်နီယာများက ပုံစံထုတ်လုပ်ပြီး နိုင်ငံအတွင်းရှိ သံမဏိစက်ရုံက ထုတ်လုပ်သည့် အရည်အသွေးမီ ခန်းဖွင့်ကျယ် သံမဏိ သံပေါင်များဖြင့် သုံးစွဲဆောက်လုပ်ထားခြင်းကို ထူးခြားစွာ မှတ်တမ်းတင်ရမှာ ဖြစ်ကြောင်း။

ဂုဏ်ပြု

တံတားတည်ဆောက်မှုကို ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့တွင် စတင်ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြီးစီးခဲ့ခြင်းကြောင့် အခက်အခဲ အတားအဆီးမှန်သမျှကို ကျော်လွှားပြီး တစ်နှစ်ဆိုသည့် အချိန်တိုအတွင်း နေ့မအား၊ ညမနား ကြိုးပမ်းတည်ဆောက်ခဲ့သည့် တပ်မတော် အင်ဂျင်နီယာများ၏ လုပ်ဆောင်မှုကိုလည်း ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ဖွင့်လှစ်သည့် လပင်တံတားကြီးကို နိုင်ငံတော်က ငွေကျပ် သန်းပေါင်း ၃၆၀ ကျော် အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ပေ ၁၈၀ အထက်ရှိ တံတားကြီးများ အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တံတား ၁၆၅ စင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက တံတားခြောက်စင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနက တံတားသုံးစင်း၊စုစုပေါင်း တံတားကြီး ၁၇၄ စင်းတို့ကို တည်ဆောက် ပြီးစီးခဲ့ကြောင်း၊ ဆက်လက် ဆောက်လုပ်ဆဲ တံတား အမြောက်အမြားရှိသည့်အနက် ကာကွယ်ရေးဝန်ကြီးဌာနကအနေဖြင့် ပေ ၁၈၀ အထက် တံတားခြောက်စင်းကို တာဝန်ယူ တည်ဆောက်နေပြီး မုံရွာ-ကလေးဝ လမ်းပေါ်တွင် တည်ဆောက်ပြီး ဖွင့်လှစ်ရန်ပြင်ဆင်နေသည့် တံတားနှစ်စင်း၊ ပျဉ်းမနား ဒေသတွင် ဆောက်လုပ်ဆဲ တံတားလေးစင်း၊ စုစုပေါင်း တံတားခြောက်စင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် အနာဂတ်မျိုးဆက်သစ်များလက်ထက်တွင် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရစ်မှု မရှိရအောင်၊ လူမှုရေး၊ စီးပွားရေးအခြေအနေကောင်းများ ရရှိအောင် စေတနာသန့်သန့်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားပြီး ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက လပင်တံတား တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လပင်တံတား တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းက လပင်တံတားနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသို့ လွှဲပြောင်းပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြား ရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းတို့က လပင်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လပင်တံတား မော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရုပ်သိမ်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် လပင်တံတားပေါ်မှ ဖြတ်သန်းကြည့်ရှု၍တံတားတစ်ဖက်ထိပ်ရှိ မုခ်ဦးရှေ့တွင် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



ဖွင့်လှစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဗိုလ်ချုပ်တင်ထွန်းတို့က စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် လပင်တံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာန ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၈ နာရီက နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်၍ နှစ်သစ်ကူး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်း၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က နှစ်သစ်ကူးအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်သည်။

ထို့နောက် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝန်ကြီး ဦးဝင်းအောင်နှင့် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းတို့က ပျော်ပွဲရွှင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများက ဖွင့်လှစ်ရောင်းချသည့် အရောင်းဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ယဉ်မောင်းနှင့် စက်ပြုပြင် ထိန်းသိမ်းသင်တန်းများဖွင့်

ရန်ကုန် ဇန်နဝါရီ ၅

နယူးအာရှ သင်တန်းကျောင်း၌ အခြေခံယဉ်မောင်းနှင့် စက်ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းအတွက် တစ်လပုံမှန်သင်တန်း (Normal Course)နှင့် ၁၀ရက် အမြန်သင်တန်း (Short Course)၊ စက်ပြင်အထူးသီးသန့် နှစ်လသင်တန်း၊ အဲယားကွန်းနှင့် ရေခဲသေတ္တာပြုပြင်ခြင်း တစ်လသင်တန်း၊ လျှပ်စစ်ဂဟေဆက်ခြင်း တစ်လသင်တန်းများကို ဝါရင့်ကျွမ်းကျင် ဆရာ၊ ဆရာမများဖြင့် တစ်ဦးချင်းစာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းအပတ်စဉ်(၅၁)ကို ဇန်နဝါရီ ၃ရက်မှစ၍ အမှတ်(၉၅၃) ရွှေနှင်းဆီလမ်း ၈ မိုင်ခွဲ (မဟာစည်မှတ်တိုင်) မရမ်းကုန်းမြို့နယ် ရန်ကုန် ဖုန်း-၆၆၁၈၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကုန်အမှတ်တံဆိပ် ပြောင်းလဲခြင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

Matsushita Electric Industrial Co., Ltd. (Myanmar Representative Office)မှ ကြီးမှူးကျင်းပသော National လျှပ်စစ်ပစ္စည်း အားလုံးကို Panasonic အမှတ်တံဆိပ်သို့ ပြောင်းလဲရခြင်းအကြောင်း အရောင်းကိုယ်စားလှယ်ကြီးများအား ရှင်းလင်းတင်ပြပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ယင်းရုံးခန်းတည်ရှိရာ၌ ကျင်းပရာ အရောင်းကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Chief Representative ဦးကျော်ကျော်က ရှင်းလင်းပြောကြားရာတွင် Matsushita Electric Industrial Co., Ltd. မှ ထုတ်လုပ်သည့် ကမ္ဘာတစ်ဝန်း လူသိများ ထင်ရှားခဲ့သော National အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ခဲ့သော လူသုံးနှင့် အိမ်သုံးကုန် လျှပ်စစ်ပစ္စည်းအားလုံးကို Panasonic အမည်ဖြင့် ပြောင်းလဲထုတ်လုပ်လိုက်ပြီးဖြစ်ကြောင်းနှင့် Nationalနှင့် Panasonic ပစ္စည်းများကို တံဆိပ်တစ်ခုတည်း ပေါင်းစည်းရေးလုပ်ငန်းလေးရပ်မှာ ရင်းနှီးမြှုပ်နှံရာတွင် ထိရောက်မှုအများဆုံးရှိစေရန် Panasonic ပစ္စည်းများကို နာမည်ပိုမိုလူသိများစေရေးအတွက် ငွေအရင်းအနှီးများစွာ စိုက်ထုတ်ရန်၊ တစ်မျိုးတည်း ပေါင်းစည်းလိုက်သော အရည်အသွေးကောင်းမွန်လာသည့် Panasonic ပစ္စည်းများကို တစ်ကမ္ဘာလုံးသို့ တင်ပို့ရောင်းချရန်၊ Panasonic ပစ္စည်းများ နာမည်ကြီးလာသည်နှင့်အမျှ ခိုင်ခံ့ကောင်းမွန်သော ပစ္စည်းများ ထုတ်လုပ်ရန်၊ ယင်းပစ္စည်းများ ရောင်းချရေးအတွက် သက်ဆိုင်ရာ ဧရိယာဈေးကွက်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး ရောင်းအားမြှင့်တင်ရန် စသည်တို့ဖြစ်သည်။ Panasonic နာမည်ဖြင့် ထုတ်လုပ်ရခြင်း၏ အားသာချက်မှာ ထုတ်လုပ်သော ပစ္စည်းများကို နည်းပညာ ပိုမိုမြှင့်တင်ထားခြင်းပင်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားသည်။ (က-ပ)

ဇန်နဝါရီ ၄ ရက်က အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်၏ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ၌ တပ်မမှူး၏ ဇနီးက ပြိုင်ပွဲဝင် ကလေးငယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (သတင်းစဉ်)

သမ္မတ နိဗ္ဗာန်ကုန်ဆိုင်သစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၄

မဟာမုနိ၊ လာဘမုနိ၊ ဈာနမုနိ၊ အလိုတော်ပြည့်၊ ဓမ္မစကြာ၊ ဗောဓိမုဒြာ စုံလင်စွာဖြင့် မန္တလေးမြို့ နိုင်ငံတော်ကြေးခတ်ပညာရှင်များနှင့်ကျောက်ဆစ်ပညာရှင်တို့၏ မြန်မာမှုလက်ရာမွန် ကြေးဆင်းတုတော်နှင့် ကျောက်ဆင်းတုတော်၊ ဘုရားဉာဏ်တော်မျိုးစုံနှင့် ဘုရားပလ္လင်၊ တရားဟောပလ္လင် အမျိုးမျိုးတို့ကို သမ္မတ နိဗ္ဗာန်ကုန်ဆိုင်ကြီး အမှတ်(၁၅၆) ရွှေဂုံတိုင်လမ်း ရွှေဂုံတိုင်မီးပွိုင့်အနီး ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၃၂၈၂နှင့် ၅၄၃၂၀၆ တို့သို့ ဆက်သွယ်ပြီး မန္တလေးဈေးနှုန်းအတိုင်း ဝယ်ယူလှူဒါန်း ပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

မကြာမီ ရုံတင်ပြသမည့် မိုးကောင်းကင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် "ကာရန်အလွဲ"ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်။

ဒါရိုက်တာ မွမ်းမံသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၅

အဆင့်အတန်းမြင့်မားသော ရုပ်ရှင်ဇာတ်ကားများ ထွက်ရှိရေး၊ မြန်မာ့ယဉ်ကျေးမှု အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေး ရုပ်ရှင်မူဝါဒများနှင့်အညီ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကမကထပြု၍ ဒါရိုက်တာ မွမ်းမံသင်တန်း တစ်ရပ်ကို မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

မွမ်းမံသင်တန်း

ဒါရိုက်တာ မွမ်းမံသင်တန်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဦးစီးအမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ ဒါရိုက်တာ အခြေခံအဖွဲ့မှ အေဝမ်း ဦးလှမျိုး၊ ပန်းချီဦးစိုးမိုးတို့က ဦးဆောင်၍ ဒါရိုက်တာမွမ်းမံသင်တန်း ဖွင့်လှစ်ရေးကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ညှိနှိုင်း

ဒါရိုက်တာ မွမ်းမံသင်တန်းကို မကြာမီအတွင်း ဖွင့်လှစ်နိုင်ရန် ရုပ်ရှင်လောကမှ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ညှိနှိုင်းအကောင်အထည်ဖော်သွားမည်ဟု သိရသည်။ (ကြေးမုံ)

မျက်နှာများတဲ့ ကောင်းကင်

ရန်ကုန် ဇန်နဝါရီ ၅

ဘရဏီရုပ်ရှင်မှ ရိုက်ကူးသော **မျက်နှာများတဲ့ကောင်းကင်** ဇာတ်ကား မကြာမီ ရုံတင်ပြသရန် စီစဉ်လျက်ရှိသည်။ **မျက်နှာများတဲ့ ကောင်းကင်** ဇာတ်ကားတွင် ရန်အောင်၊ လွှင်မိုး၊ အိန္ဒြာကျော်ဇင်နှင့် တင့်တင့်ထွန်းတို့ ပါဝင်သရုပ်ဆောင်ကြသည်။

(ကြေးမုံ)

သရုပ်ဆောင်သစ် ၈၀ ကျော် မွေးထုတ်ပေးခဲ့

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ ရုပ်ရှင်လောကအတွက် လိုအပ်လျက်ရှိသော သရုပ်ဆောင်များ မွေးထုတ်ရေးအစီအစဉ်အရ ၂၀၀၃ ခုနှစ်အတွင်း သရုပ်ဆောင်သင်တန်း(၁/၂၀၀၃)နှင့် သရုပ်ဆောင်သင်တန်း (၂/၂၀၀၃) တို့ကို ဖွင့်လှစ်၍ သရုပ်ဆောင်သစ် ၈၀ ကျော် မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

ဖွင့်လှစ်ရန်စီစဉ်

ထိုသင်တန်းများက သရုပ်ဆောင်သစ်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် ထွက်ပေါ်လာသည်ကိုလည်း တွေ့ကြရသည်။ ရုပ်ရှင်သရုပ်ဆောင်ကောင်းများ စဉ်ဆက်မပြတ် ထွက်ပေါ်ရေးအတွက် (၁/၂၀၀၄) ရုပ်ရှင် သရုပ်ဆောင်သင်တန်းကို မကြာမီ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှတ်(၁၆) ဝင်္ဂပါလမ်း ဗဟန်းမြို့နယ်တွင် ဝင်ခွင့်ပုံစံများ စတင်ရောင်းချနေကြောင်း သိရသည်။ (ကြေးမုံ)

သူးမွဲ့ထသစ္စာ

ရန်ကုန် ဇန်နဝါရီ ၅

ပုံတောင်မြေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဝေမှိုင်းညိုက **သူးမွဲ့ထသစ္စာ** ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးပြသခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။ စစ်၊ အချစ်နှင့် တိုင်းရင်းသား ချစ်ကြည်စည်းလုံးရေးကို ဖော်ညွှန်းခဲ့သည်။

ယခုအခါ ထိုဇာတ်ကားကြီးကို ဗီဒီယိုဇာတ်ကားအဖြစ် မကြာမီအတွင်း စိန်ဌေးဗီဒီယိုမှ ထုတ်လုပ်ဖြန့်ချိတော့မည်ဟု သိရသည်။ ထိုဇာတ်ကားတွင် ညွှန့်ဝင်း၊ သီဟတင်စိုး၊ လူမင်း၊ နန္ဒ၊ စည်သူတင်စိုး၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်နှင့် နဝရတ်တို့ သရုပ်ဆောင်ထားကြသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

"မျက်နှာများတဲ့ကောင်းကင်" ဇာတ်ကားမှ ရန်အောင်နှင့် တင့်တင့်ထွန်းတို့၏ သရုပ်ဆောင်ဟန်။

VeVe® & အကယ်ဒမီ

Snacks & Soft Drinks

ရွှေရတုမြန်မာ့ရုပ်ရှင်အကယ်ဒမီရွှေစင်ဆုချီးမြှင့်ပွဲမှာ VeVe အချိုရည်
တစ်ဦးတည်းမှ အစဉ်အလာမပျက် ကူညီပံ့ပိုးခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

၂၀၀၄-ခုနှစ် နှစ်သစ်မင်္ဂလာနှစ်ဆန်းပိုင်းမှာ VeVe က ထူးခြားဆန်းသစ်ပြီး စံချိန်မီတဲ့ နိုင်ငံခြားသွင်းကုန်အစားထိုးပစ္စည်းများနဲ့ စားသုံးသူ အရောင်းဆိုင်များ ကိုယ်စားလှယ်များကို မိတ်ဆက်လိုက်ပါတယ်။

Whale(ဝေလ) စွမ်းအားပြည့်အချိုရည်ကို Tinဘူးနှင့်ထုတ်လုပ်ထားပါတယ်။ ဗီတာမင် B, C နှင့်သတ္တုဓာတ်တို့ကို အချိုးကျပေါင်းစပ်ထားတာဖြစ်လို့ သောက်သုံးလိုက်လျှင် ကုန်ခန်းသွားတဲ့အားအင်များ အမြန်ပြန်လည်ဖြည့်ဆည်းပေးပါတယ်။ စိတ်စွမ်းအား ကိုယ်စွမ်းအားကိုအထူး တိုးတက် ကောင်းမွန်စေပါတယ်။

Whale (ဝေလ) လိုင်ချီး နဲ့ Whale (ဝေလ) လီမွန် အချိုရည်တို့ကိုလည်း Tin ဘူးနဲ့ ထုတ်လုပ်ထားတဲ့အပြင် သဘာဝအသီးအဖတ်များနဲ့ ဖျော်စပ်ထားတဲ့အတွက် အရသာအထူးကောင်းမွန်ပြီး သဘာဝသစ်သီးဖျော်ရည်ကို သောက်သုံးရတဲ့အတိုင်း ခံစားရမှာဖြစ်ပါတယ်။စံချိန်မီ ထုတ်လုပ်ထားတဲ့ အတွက် နိုင်ငံခြားသွင်းကုန် အစားထိုးသုံးစွဲနိုင်ပါပြီ။

VeVe မလိုင်နို့ခဲ နှင့် VeVe သစ်သီးစုံသကြားလုံးတို့ကိုလည်း နိုင်ငံတကာစံချိန်မီထုတ်လုပ် ထားတဲ့အတွက်လူကြီး ခလေးမကျန် ပြည်သူအားလုံး နှစ်ခြိုက်သုံးစွဲကြပါတယ်။ VeVe မလိုင်နို့ခဲ (၁၀)လုံးသည် နို့စစ်စစ်တစ်ခွက်နှင့်ညီမျှတဲ့အတွက် ကျန်းမာရေးနှင့် အာဟာရ ဖြည့်စွက်ရေးကိုပါ အထောက်အကူပေးပါတယ်။

အရသာလဲရှိ၊ ကျန်းမာရေးနှင့်လဲညီညွတ်၊ စွမ်းအားနှင့်အာဟာရကိုလည်းဖြည့်စွက်ပေးပြီး စားသုံးသူ၊ ရောင်းချသူအားလုံးအတွက် တွက်ခြေကိုက်၊ အမြတ်ရစေတဲ့ VeVe စားသောက်ကုန်နှင့်လူသုံးပစ္စည်းများကို အားပေးကြတဲ့ ပြည်သူများနှင့်ကုန်သည်အပေါင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း၊

နှစ်သစ်မှာအောင်မြင်မှုနှင့်ပျော်ရွှင်မှုအပြည့်အဝခံစားကြစေကြောင်း၊
ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

VeVe မိသားစု

ကွန်ပျူတာစင်တာ ဖွင့်လှစ်ထား

ရန်ကုန် ဇန်နဝါရီ ၅

Asia Tech Computer Centre ကို အမှတ် (၆၄) ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၈၆၄နှင့် အမှတ် (၃၆) ရေကျော် လမ်းမကြီး ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၂၇၀၈၊ ၂၉၃၂၂၀တို့တွင် ဖွင့်လှစ်ထားပြီး ကွန်ပျူတာ၊ ပရင်တာ၊ စကင်နာ၊ UPS များနှင့် ကွန်ပျူတာ အပိုပစ္စည်းမျိုးစုံ၊ Mother Board. Hard Disk, Processor (CPU), CD- Writer, CD Drive, DVD Drive, Memory, (3D), Graphic Cardတို့ကို ရောင်းချပေးလျက်ရှိသည်။ ကွန်ပျူတာ တစ်လုံးဝယ်ယူသူ တိုင်း ကွန်ပျူတာ အသုံးချမှုဆိုင်ရာ သင်တန်း အခမဲ့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ဝယ်ယူသော ကွန်ပျူတာ ချွတ်ယွင်းမှုများအတွက် After Sales Service ကိုလည်း ဝယ်ယူသူများ စိတ်တိုင်းကျ လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ကွန်ပျူတာ နည်းပညာအသုံးချမှုဆိုင်ရာသင်တန်းများကိုလည်း လစဉ်တန်းခွဲသစ်များဖွင့်လှစ်ထားကြောင်းသိရသည်။ (က-ပ)

နိုင်ငံတကာ အင်္ဂလိပ်စာသင်တန်းများ ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၅

International English Language Centre မှ ဦးဉာဏ်ဝင်း ကိုယ်တိုင် LCCI (U.K) English for Business or Commerce Level (I, II, III), International English Language Testing System (IELTS) နှင့် Scholastic Aptitude Test (SAT) I, II တို့ကို သတ်မှတ်စံနှုန်းမီ (prescribed standard of excellence) ဖြေဆို အောင်မြင်နိုင်အောင် တစ်ဦးချင်းစီ၏ အရည်အသွေးကို ဖော်ထုတ်ကာ သင်ကြားလျက်ရှိသည်။ LCCI အင်္ဂလိပ်ဘာသာတွင် Credit and distinction များ ရရှိထားကြောင်း အထောက်အထားရှိသည်။ အသေးစိတ်သိလိုပါက အမှတ် (၃၄၅) အခန်း (၁၆) မဟာဗန္ဓုလလမ်း (၃၉)လမ်းနှင့် လမ်း (၄၀)အကြား ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၉၉၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

(အထက်မြန်မာပြည်) ပညာရေးစုံညီပွဲတော် အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် (အထက်မြန်မာပြည်) ပညာရေးစုံညီပွဲတော် အင်္ဂလိပ်ဘာသာစွမ်းရည်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်၊ မန္တလေးတိုင်း ပညာရေးမှူး ဦးအောင်ဆန်းနှင့် ဦးစီးအရာရှိများ၊ ချမ်းအေးသာစံမြို့နယ် ပညာရေးမှူးနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတိုင်းမှူးသည် မန္တလေးမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဂုဏ်ပြုဘင်ခရာတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်း ကျောင်းသူ မဝိုင်းအိအိဇော်နှင့် ဆဋ္ဌမတန်းကျောင်းသူ မဖြိုးကေခိုင်တို့က အခမ်းအနားအစီအစဉ် ကြေညာပြီးနောက် အဋ္ဌမတန်းကျောင်းသူ မမေသဉ္ဇာနှင့် ဒုတိယတန်းကျောင်းသူ မစိုးစိုးမြင့်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းကို သံပြိုင်သီဆိုကြရာ အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ တတိယတန်းကျောင်းသား၊ ကျောင်းသူလေးများ၏ ဘင်ခရာအဖွဲ့နှင့် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း တယောတီးဝိုင်း အဖွဲ့တို့က တီးခတ်၍ ရောင်စုံပဝါ အကအဖွဲ့နှင့် ကျောင်းသူလေးများက ဖျော်ဖြေကြသည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် အဖွဲ့သည် အထက်တန်းဆင့် အင်္ဂလိပ်ဘာသာ ကျပန်းစကားပြောပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် အထက်တန်းဆင့် ကျပန်းအင်္ဂလိပ်စကားပြောပြိုင်ပွဲ၊ အထက်တန်းနှင့် အလယ်တန်းဆင့် အင်္ဂလိပ်ဘာသာ အဖတ်ပြိုင်ပွဲ၊ မူလတန်းကြို အင်္ဂလိပ်သီချင်းဆိုပြိုင်ပွဲနှင့် အထက်တန်းနှင့် အလယ်တန်းဆင့် အင်္ဂလိပ်ဘာသာ နာကြားနှင့် အရေးပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့် တိုင်း ဘောလုံးပြိုင်ပွဲ ဇန်နဝါရီ ၁၄ ရက် စတင်မည်

ရန်ကုန် ဇန်နဝါရီ ၅

၂၀၀၄ ခုနှစ် (၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား ဘောလုံးပြိုင်ပွဲ ပွဲစဉ်အုပ်စုခွဲ မဲနှိုက်ရေးဆွဲရေးနှင့် အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် ကျင်းပသည်။

(၄၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအမှတ်ပေးပွဲစဉ်များကို အထက်မြန်မာပြည်ဇုန်(မုံရွာ)နှင့် အောက်မြန်မာပြည်ဇုန်(ဟသ်ာတ)တို့တွင် ဇန်နဝါရီ ၁၄ ရက်မှ စတင်ကျင်းပမည်ဟု သိရသည်။

အုပ်စု(က)နှင့်(ခ)

အထက်မြန်မာပြည်ဇုန်(မုံရွာ)တွင် အုပ်စု(က)နှင့် အုပ်စု(ခ) ပွဲစဉ်များ ကျင်းပမည်ဖြစ်ရာ အုပ်စု(က)၌ ရှမ်းပြည်နယ်(အရှေ့)၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်း၊ အုပ်စု(ခ)တွင် တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့ ပါဝင်သည်။

အုပ်စု(ဂ)နှင့်(ဃ)

အောက်မြန်မာပြည်ဇုန်(ဟသ်ာတ)တွင် အုပ်စု(ဂ)နှင့် အုပ်စု(ဃ) ပွဲစဉ်များ ကျင်းပမည်ဖြစ်ရာ အုပ်စု(ဂ)၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ကချင်ပြည်နယ်၊ အုပ်စု(ဃ)၌ ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့ပါဝင်ကြသည်။ လက်ရှိ ချန်ပီယံမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း ဖြစ်သည်။

ပွဲဦးထွက် ပွဲစဉ်

ဇန်နဝါရီ ၁၄ ရက် ပွဲဦးထွက် ပွဲစဉ်အဖြစ် အထက်မြန်မာပြည်ဇုန်တွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း၊ အောက်မြန်မာပြည်ဇုန်တွင် မကွေးတိုင်းနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ခန်းဆောင်နီအိပ်မက် စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

ဆွေမြင့်(မြန်မာပြန်) ခန်းဆောင်နီအိပ်မက်စာအုပ်ကို ဇေယျာမြေစာပေ တိုက် တိုက်နံပါတ် (၇၂၄) အခန်း ၁၈(ပ)ထပ် မဟာဗန္ဓုလလမ်း လသာမြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၂၅၀၆၆၈မှ ဖြန့်ချိလိုက်ကြောင်း သိရသည်။

(အပေါ်ပုံ) (က–ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းသည့် အစည်းအဝေးကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ (IBC)၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့နှင့် ဒေါ်ခင်ခင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေးနှင့် ပါမောက္ခဒေါ်လှမြင့်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းက ဖွဲ့စည်းပုံနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မေမေရီက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ တိုင်းရင်းသားရေးရာ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် ဥပဒေရေးရာ အကြံပြုရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်နှင့် ဝတ္တရားများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး၊ စီမံရေး လုပ်ငန်းအဖွဲ့များ၏ တာဝန်နှင့် ဝတ္တရားများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက သိလိုသည့် မေးမြန်းချက်များကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ရှင်းလင်းဖြေကြား၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့တွင် ဘိန်းဖြူ ၃၆ ကီလိုကျော် ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၅

နယ်မြေခံ ထောက်လှမ်းရေး တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက်တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့ ပူးပေါင်းစစ်ဆေးရေးဂိတ် ဘန်ယန်းမြို့ လော်စီတုံးကျေးရွာအုပ်စု နောင်ဖာရပ်ကွက်နေ ဦးချစ်သောင်း သား ညီနပ်(ခ) အိုက်ရှုန်မောင်းနှင်ပြီး ဘန့်ယန်းမြို့ မိုင်းဝကျေးရွာအုပ်စု ကပ်ကတုံးကျေးရွာနေ ဦးအိုက်အန်း၏ သား ညီကား လိုက်ပါလာသော တိုယိုတာဟိုင်းလတ်(အဖြူရောင်)ယာဉ်ကို သတင်းအရ ရပ်တန့်ရှာဖွေစစ်ဆေးစဉ် ညီကားမှာ ထွက်ပြေးလွတ်မြောက်သွားပြီး ယာဉ်မောင်းဖြစ်သူ ညီနပ်(ခ)အိုက်ရှုန်အား ယာဉ်၏ကိုယ်ထည်အတွင်း ဝှက်သွင်းသယ်ဆောင်လာသော ဘိန်းဖြူဘလောက်တုံး ၁၁၀ တုံး စုစုပေါင်း အလေးချိန် ၃၆ ဒသမ ၆၃ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမက(၈)၌ ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲတွင် ယာယီ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရင်ရင်ရွှေက ပထမတန်း၌ ထူးချွန်ဆုရကျောင်းသူ မ မမမိုးထက်အောင်အား ဆုချီးမြှင့်စဉ်။ (က–ပ)

ဝေဇယန္တာဘုံနန်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၅

ဇင်ယော်နီ၏ ဝေဇယန္တာဘုံနန်း စာအုပ်ကို မျက်ပွင့်စာပေ(၃၆၇)ဗိုလ်ချုပ်အောင်ဆန်းလမ်း ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်မြို့ ဖုန်း–၇၀၀၅၇၄ က ဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)** (က–ပ)

၂၀၀၃ ခုနှစ် သတ္တမအကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ပြုလုပ်ရာ ပြိုင်ပွဲတွင် ပထမဆုရရှိသော အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကျေးလက်ကျောက်ချောလမ်းနှင့် တံတားများဖွင့်လှစ်

မြောင်းမြ ဒီဇင်ဘာ ၂၄

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကုန်းသာ-မြစိမ်းရောင် ကျေးလက်ကျောက်ချောလမ်း၊ ပြင်ရွာကျေးလက်ကျောက်ချောလမ်းနှင့် တံတားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက်က အဆိုပါလမ်းမုခ်ဦးများ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်းသာ-မြစိမ်းရောင် ကျေးလက်ကျောက်ချောလမ်းကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းနှင့် ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်**(အောက်ပုံ)**တို့က လည်းကောင်း၊ ပြင်ရွာကျေးလက်ကျောက်ချောလမ်းနှင့် တံတားကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးအေးဟန်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုတို့ကလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကုန်းသာ-မြစိမ်းရောင် ကျေးလက်လမ်းမှာ အရှည် ၁၄၁၀ ပေ၊ အကျယ် ၁၂ ပေ၊ ပြင်ရွာလမ်းမှာ အရှည် ၁၇၁၀ ပေ၊ အကျယ် ၁၂ ပေနှင့် ပြင်ရွာတံတားမှာ အရှည် ၅၂ ပေ၊ အကျယ် ၁၃ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စုစုပေါင်းငွေကျပ် ၅၆ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျေးလက်လမ်းများ ဖွင့်လှစ်လိုက်ခြင်းကြောင့် ကုန်းသာ၊ တဲ့တဲ့ကူး၊ ငှက်ပျောတော၊ လပွတ်ကုလား၊ ပြင်ရွာ၊ မြစိမ်းရောင်၊ ဆင်ကူးနှင့် ကညင်ချောင်း ကျေးရွာတို့မှ ပြည်သူများ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(၁၇၆)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်း၍ရန်ကုန်-မော်လမြိုင် လမ်းမကြီးတစ်လျှောက်တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အရိပ်ရ အလှပင်များ ပုံသွင်းခြင်းတို့ကို ဒီဇင်ဘာ ၆ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် လ/ထ အင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်

မြစ်ငယ် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်း အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မြို့နယ်အခြေခံပညာ အထက်တန်းကျောင်း အမရအောင်မြေခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးကျော်က အမှာစကားပြောကြားပြီး ဒိုင်ချုပ်ကျောင်းအုပ်ဆရာကြီး ဦးကြည်မောင်က ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထက်တန်းကျောင်းခြောက်ကျောင်းနှင့် အလယ်တန်းကျောင်းငါးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းအသင်းအလုပ်အမှုဆောင် ဦးကျော်ကဆုများ ချီးမြှင့်သည်။ (၄၃၃)

ထာဝရသစ္စာ စာကြည့်တိုက် ဖွင့်လှစ်

ဖျာပုံ ဒီဇင်ဘာ ၂၆

ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးခင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးစန်းဝင်းတို့အဖွဲ့သည် ပြည်သူလူထု အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ အသိပညာပေး ဟောပြောပွဲနှင့် အမျိုးသမီးရေးရာ လူမှောင်ခိုတားဆီးကာကွယ်ရေး ပညာပေးဗီဒီယိုဓာတ်လမ်းများ ပြသခြင်းတို့ကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၅ ရက်ထိ အစီးကလေး၊ ကျုံကျိုက်၊ မင်းလှစု၊ ဂုံညင်းတန်း၊ ဂျိုဝါကျောက်ရဲ၊ ဂျိုဝါကြံခင်း၊ ဂျိုဝါထလွန်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ပေးအပ်လှူဒါန်း

ခရိုင်ဦးစီးအရာရှိ ဦးခင်ဝင်းနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ဂျိုဝါကြံခင်းကျေးရွာ၌ ထာဝရသစ္စာ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် ရောင်စုံရုပ်မြင်သံကြားပြစက်ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးတင်လှက ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး စာကြည့်တိုက်တာဝန်ခံ ဦးညွန့်ဝင်းသို့ ပေးအပ်သည်။ **(ဝဲပုံ)**

(ခရိုင်ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးစည်သူသည် မြောင်းမြခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးထွန်းဝေ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းစိုးတို့ လိုက်ပါလျက် ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၆) ဖွဲနုဆီစက်နှင့် အမှတ်(၅၁၁) တန်တစ်ရာဆန်စက်တို့၏ မီးဘေးကြိုတင်ကာကွယ်ရေး၊ အရေးပေါ်မီးငြိမ်းသတ်ရေးနှင့် မီးသတ်စက်ပစ္စည်းများ ကြံ့ခိုင်စွမ်းရည်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တန်တစ်ရာစက်ရုံခန်းမနှင့် ဖွဲနုဆီစက်ခန်းမတို့တွင် စက်ရုံသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆွေးနွေးမှာကြားကြသည်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

မျိုးဆက်ပွားကျန်းမာရေး ဆင့်ပွားသင်တန်းဖွင့်

ပန်းတနော် ဒီဇင်ဘာ ၂၆

ပန်းတနော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူးကျင်းပသော မျိုးဆက်ပွား ကျန်းမာရေးစီမံချက် ဆင့်ပွားသင်တန်းကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက အမက(၁) အနောက်ရပ်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စီစိုးက မျိုးဆက်ပွား ကျန်းမာရေးစီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ **(၁၆၆)**

ကွင်းဆင်းကြီးကြပ်

မွန်ပြည်နယ် ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ်းနားလမ်း ကျောက်ချောလမ်းခင်းခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ဒီဇင်ဘာ ၂၈ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၂၅၇)

တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏

အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင်

စာအုပ်များ၏ နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ။

ထွက်ပြီ

- သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်–၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
- ကြေးမုံသတင်းစာတိုက် အမှတ်–၇၇၊ ၅၂လမ်း ရန်ကုန်မြို့တို့တွင် ရရှိနိုင်သည်။



Bun n roll Bakery

Fresh buns and cakes for all occasions.

❖ စက်ကိုပူစတိုင်ဖြင့် ပြုလုပ်ထားသော သန့်ရှင်းလတ်ဆတ်၍ အရသာရှိသည့် ပေါင်မုန့်နှင့်ကိတ်မုန့်များကို ပိတ်ရက်မရှိ နေ့စဉ်ရောင်းချပေးလျက်ရှိပါသည်။

❖ အထူးအော်ဒါများကိုလည်း လက်ခံဆောင်ရွက်ပေးနေပါသည်။

ဆိုင် (၁) ❖ အမှတ် (၇၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ☎ ။ ၃၈၂၃၃၅ E-mail : bun_n_roll@myanmar.com.mm

ဆိုင် (၂) ❖ အမှတ် (၁၄/၁)၊ စံပြလမ်း(ယုဇနပလာဇာအနောက်ဘက်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ။ ၂၀၇၄၇၇၊ ၂၉၇၆၀၀ လိုင်းခွဲ – ၇၁၃၃

ဘုရင့်နောင်ပွဲရုံသစ်အဆောက်အဦးနှင့်မြေကွက်များ

မြို့တော်အိမ်ရာစီမံကိန်းကော်မတီ၏လမ်းညွှန်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်

တက်လမ်း/ရွှေကိန္နရီဆောက်လုပ်ရေးကုမ္ပဏီမှ

၁၀-၁-၀၄ မှ ၃၀-၁-၀၄ အထိ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်။

ယခင်ဘုရင့်နောင်ပွဲရုံနှင့်ကပ်လျက်တည်း

နယ် မှ စီး ပွား ရေး ကုန် သည် များ အ တွက် သ တင်း ကောင်း

ရောင်းချမည့်အဆောက်အဦးပါမြေကွက်
မြေကွက်အကျယ်အဝန်း

၇။ Sanitary စနစ်



"ရင်း နှီး မြှုပ် နှံ နိုင် ရန် အ တွက် လည်း အ ဆင် ပြေ မည့် အ ရစ် ကျ ငွေ ပေး ချေ စ နစ် ဖြင့် ရောင်း ချ ပေး မည်။"



ကန့်ကွက်နိုင်ပါသည်

မော်တော်ယာဉ်အမှတ် ၂ခ/၇၄၅၂ (ကမ-၃)တွင် အမည်ပေါက်သူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဦးစီးမှူးရုံး(ပဲခူး)။

ပုလဲရတုမင်္ဂလာဆုမွန်လွှာ

အနန္တ ကျေးဇူးရှင် ချစ်ပါပါနှင့် ချစ်မေမေတို့၏ ၆-၁-၂၀၀၄နေ့တွင် ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သား၊ ချစ်သမီးများနှင့် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်---။

သားကြီး – **ကျော်ဇေယျာဦး** **B.A(Psycho)**
သားငယ် – **ဗိုလ်တေဇာကျော်ညွန့်** **B.E(Electronic)**
သမီးငယ် – **စုလေးညို** **Final Year I.R**

ရောဂါဗေဒဆရာဝန်များ တတိယအကြိမ်မြောက် ညီလာခံ

မြန်မာနိုင်ငံဆရာဝန်အသင်း ရောဂါဗေဒအဖွဲ့၏ တတိယအကြိမ်မြောက် ညီလာခံကို ၂၀၀၄ခုနှစ် ဇန်နဝါရီလ(၈)ရက်နေ့တွင် သိမ်ဖြူလမ်း မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ရောဂါဗေဒဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း၊၆-၁-၂၀၀၄နှင့် ၇-၁-၂၀၀၄ ရက်များတွင် ဆေးတက္ကသိုလ်(၁)ရောဂါဗေဒဌာနတွင် မှတ်ပုံတင်နိုင်ကြောင်း သိရှိရပါသည်။

အမှုဆောင်အဖွဲ့။

(၂၆)နှစ်မြောက်လက်ထပ်မင်္ဂလာဆုတောင်း

ဖေဖေ **ရဲမွှေးချုပ်ဖော်ဝင်း**၊ မေမေ **ဒေါ်နွယ်နီစမ်း**တို့၏ ၆-၁-၂၀၀၄နေ့တွင် ကျရောက်သော (၂၆)နှစ်မြောက် လက်ထပ်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းတစ်ရာတိုင် ကိုယ်စိတ်နှစ်ပါးကျန်းမာပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

ချစ်သမီး – **မဆုနွယ်ဖော်(B.Sc, Botany)**
ချစ်သားကြီး – **မောင်သူရဖော်(B.Tech, 2nd Year)**
ချစ်သားငယ် – **မောင်သူရိန်ဖော်[1st MB(1)]**

ကျွမ်းကျင်ဝန်ထမ်း အမြန်အလိုရှိသည်

(ကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

၁။	Commis (1) (Kitchen)	ကျား
၂။	Commis (2) (Kitchen)	ကျား
၃။	Helper Cook	ကျား
၄။	Steward Supervisor	ကျား
၅။	Waiter	ကျား
၆။	Waitress	မ
၇။	Dim Sum Cooks	ကျား
၈။	Cook (Muslim)	ကျား
၉။	Hostess	မ
၁၀။	Executive Office˚(Clerk)	မ

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ လုပ်ငန်းအတွေ့အကြုံ၊ ပညာအရည်အချင်းဆိုင်ရာ အထောက်အထားမိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ (သို့) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ–

ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
Tel:249255~9၊ 242613~21, Ext:5303.

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) အရောင်းမြှင့်တင်ရေးဝန်ထမ်း
(ကျား-မ)

မှတ်ချက်။ စကားပြောပြေပြစ်၍ ဈေးကွက်ကိုစိတ်ဝင်စားသူ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ နယ်မှလာသူများ နေထိုင်ရေးစီစဉ်ပေးမည်။ DREAM(အလှကုန်လုပ်ငန်း)၊ အမှတ်(၇) ရွှေနှင်းဆီလမ်း၊ မဟာစည်မှတ်တိုင်အနီး၊ မရမ်းကုန်းမြို့နယ်။ ဖုန်း- ၆၆၅၂၅၆။ အမှတ်(၃၆)၊ ဘုရင့်နောင်ရိပ်သာ(၂)လမ်း၊ ပိတောက်လမ်းမှတ်တိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

JOB VACANCIES

(For Local Service Only, Salary In Kyats)

To improve our customer service profile, our company is seeking for excellent, hardworking candidates to fill the following vacancies.

Marketing Executive **(4) Post**

- Male (age below 30)
- Graduated, experienced in marketing.
- Fluent in English, Myanmar
- Skill to operate computer software.

Interested person may submit the C.V with labour registration card, contact No #, one recent photo and address within one week.

Room # 1,2,3 Ground Floor
FJV Commercial Center, 422/426
Strand Road, Botataung T/S, Yangon.
Tel: 202101 Ext # 143/144, 202113.





စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး၊ အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂။

Discovery Food Center မှ

- ပုံမှန်ဥရောပ တရုတ်အစားအစာများ နေ့စဉ်ရရှိသည့်အပြင် စနေ၊ တနင်္ဂနွေနေ့ ညပိုင်း ၆နာရီတွင် ဘူဖေးနှင့် တေးဂီတသီချင်းဖြင့် ဖြေဖျော်ခြင်းရှိပါသည်။
- ဘူဖေး ဟင်းမျိုးပေါင်း(၁၀)မျိုးအထက်ပါဝင်ပြီး အချိုပွဲ၊သစ်သီးအချိုရည်၊ ရေခဲမုန့်တို့ပါဝင်ပါသည်။
  လူကြီးတစ်ဦးလျှင် ၂၀၀၀ိ/၊ ကလေးတစ်ဦးလျှင် ၁၅၀၀ိ/(၁၀နှစ်)အောက်
- လူမျိုးဘာသာမရွေး စိတ်ချစွာစားသုံးနိုင်ပါသည်။
  မွေးနေ့အလှူမင်္ဂလာများအတွက် အထူးလက်ခံဆောင်ရွက်ပေးနေပါပြီ။
- ဆိုင်ဖွင့်ချိန် နံနက် ၉နာရီမှ ည ၁၀နာရီထိ
  စနေ နေ့လယ်ပိုင်း ဆိုင်နား၍ ညပိုင်း(၆)နာရီတွင် ဘူဖေးဖြင့်ဖွင့်ပါသည်။
- **အမှတ်(၄၂A)ယောမင်းကြီးလမ်းနှင့် ဗိုလ်ရာညွန့်လမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**
  ဖုန်း-၂၄၉၅၈၁။



ဝမ်းနည်းကြေကွဲခြင်း

ဦးကိုးမြင့် (စာရေးဆရာအောင်ကိုး)

အသက်(၆၇)နှစ်

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်တွင်းအခွန်

မန္တလေးမြို့၊ အမှတ်(၂၆/ဘီ) လမ်း၊ ဆိုင်းတန်းနှင့်စိန်ပန်းရပ်၊ အောင်ရိပ်သာမွန်နေ အန်တီစန်း၏ ချစ်လှစွာသောခင်ပွန်း၊ မို့မို့ကိုး၊ ဆုမောင်ကိုးတို့၏ မွေးသဖခင် ဦးကိုးမြင့်သည် ၂–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုစိုးဝင်း၊ မမြမြသန်းမိသားစု၊ ကျောက်မြောင်း၊ ရန်ကုန်။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယကာကြီး

ဦးစောမောင်(၇၁)နှစ်

မော်လမြိုင်ကျွန်းမြို့နယ်

ဗမော်ကျေးရွာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ ဗညားလမ်း၊ အမှတ်(၆၁၅–၆၁၆)နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးစိန်ဟန်–ဒေါ်လှနွဲ့၊ ဦးမြင့်ဟန်–ဒေါ်ဝင်းသန်း၊ ဦးမြင့်သိန်း (လှိုင်ထွန်းထွန်း မေတ္တာမြေ အိမ်၊ ခြံမြေ)–ဒေါ်တင်ရွှေ၊ ဦးမြင့်ဝင်း–ဒေါ်မြင့်မြင့်ဦး၊ ဦးသိန်းထွေး–ဒေါ်ဌေးနွဲ့၊ မောင်မြင့်လွင်၊ မစုစုလှိုင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး၁၄ယောက်တို့၏ အဘိုးသည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

သြောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်မြမြညွန့်(၆၆)နှစ်

ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊အမှတ်(၁၅)နေ အသင်းနာယက ဦးစိန်ကြည်၏ဇနီး ဒေါ်မြမြညွန့်သည် ၃၁–၁၂–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်း၊ ရဟန်းအမကြီး

ဒေါ်ခင်ဝင်းကြည်(၆၂)နှစ်

သူနာပြုဆရာမကြီး(ငြိမ်း)

(ခရမ်း)

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ (၆)ရပ်ကွက်နေ (ဦးမြဝင်း–ဒေါ်စောတင်)တို့၏သမီး၊ (ဦးဘကျော်–ဒေါ်သိန်းမေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၉၁)၊ ရေကျော်လမ်း၊ကျိုက်တော်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးမျိုးသိန်း(ကျန်းမာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ကိုကျော်ဌေး၊ ကိုအောင်ဇော်မျိုး၊ မခင်ဝိုင်းဖြူ၊ မငါးမယ်တို့၏မိခင်၊ ထက်ဝေယံအောင်၏ အဘွားသည် ၅–၁–၂၀၀၄ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နန်းနွယ်(၄၄)နှစ်

(မာန်အောင်မြို့နယ်၊ မင်းပြင်ရွာ)

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မင်းပြင်ရွာနေ (ဦးထွန်းရွှေ)–ဒေါ်မေနုတို့၏ သမီးကြီး၊ အရှင်ဝိဝေကာနန္ဒ [M.A(Thesis)]၊ နည်းပြ(မြန်မာစာပေဌာန)၊ (နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်)၊ ကိုကျော်ကျော်သိန်း၊ ကိုအောင်ကြည်–မခင်သိန်း၊ ကိုခင်မောင်သိန်း၊ ကိုမောင်ဇော်–မခင်အေးကြည်၊ မခင်ခင်ဝေတို့၏အစ်မ၊ (ကိုကျော်တင်)၏ဇနီး၊ မောင်နန်းလှိုင်၊ မအေးသန္တာကျော်တို့၏မိခင်သည် ၄–၁–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၄း၄၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ [မြောက်ဒဂုံ(၇)ရပ်ကွက်၊ ဟားခါး(၃)လမ်း၊ ဘုန်းကြီးကျောင်းကွေ့၊ ဂိတ်ဟောင်းမှတ်တိုင်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

မတင်တင်ဝင်း(၃၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၉၁)၊ စွယ်တော်လမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ (ဦးငွေသိန်း–ဒေါ်လှရွှေ)တို့၏ သမီး၊ ဦးထိန်သန်း–ဒေါ်စန်းတင့်တို့၏ ချွေးမ၊ ဦးမင်းကိုကို(သမသ–၈၀)၏ ဇနီး၊ မောင်ညီညီဇော်(တတိယတန်း၊ အမက–၂၁၊မြောက်ဒဂုံ)၊ မခင်စန္ဒာကိုတို့၏ မိခင်သည် ၄–၁–၂၀၀၄ရက် ညနေ ၄နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ထား(၈၇)နှစ်

(ပေါက်ခေါင်း)

ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ မြောက်ပိုင်းရပ်နေ (ဦးဘိုးရင်–ဒေါ်စိန်ညွန့်)တို့၏သမီး၊ (ဦးမြင့်)၏ဇနီး၊ ဗိုလ်မှူးကြီးသိန်းငွေ(ငြိမ်း)၊ ဒေါ်ထားထားယဉ်၏ အစ်မ၊ ဒုဗိုလ်မှူးကြီးအေးကျော် (ငြိမ်း)–ဒေါ်ခင်ချိုဝင်း၊ ဦးအုံးသိန်း–ဒေါ်ခင်ရီတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် (၂၉/၉၀)၊ စပယ်လမ်း၊ ရွှေပြည်သာမြို့နေအိမ်၌ ၄–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစိန်မောင်(ခ)လီတန်ရှောင်

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၁၈)၊ (၃၇)လမ်း အထက်၊ (ပ)ထပ်ယာနေ တန်ကေဂူ(ခ) ဒေါ်လှ၏ခင်ပွန်း၊ ကိုသိန်းထွန်း(ခ) လီဟိုက်ဝှါ၊ မဝေဝေယဉ်၊ ကိုဇော်အောင်ထွန်း(ခ)လီရှင်ဝှါ – မစန်းစန်းမြင့်၊ မမွေးကြီး(ခ)ခင်ခင်မွေး၊ မယုံမွေး(ခ) မွေးမွေးငယ်၊ ကိုကျော်ထွန်း၊ မရီရီနွယ် (ခ)ပီလျှံ–အမောင်(ခ)ထွန်းဝင်းတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၅–၁–၂၀၀၄ရက်တွင်ချူင်ပါကူဆေးခန်း၌ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ရက်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်ကျင်အေး(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၃၈၁)၊ လွတ်လပ်ရေးကွက်သစ်၊ ဦးချိုလမ်းနေ (ဦးဖိုးယုံ–ဒေါ်ခင်မြ)တို့၏ သမီး၊ (ဦးကျော်ကူ)၏ဇနီး၊ ဦးအေး–ဒေါ်ကျင်သန်း၊ ဒေါ်ကျင်ပု၊ (ဦးဆန်းညွန့်)–ဒေါ်ကျင်တင်၊ ဒေါ်ကျင်ဌေး၊ ဦးနီတွတ်–ဒေါ်စောစောရီ၊ ဦးရဲမြင့်၊ ဦးသိန်းမြင့်–ဒေါ်ကျင်လှ၊ ဦးရဲချစ်–ဒေါ်သန်းညွန့်၊ ဒေါ်ကျင်မြတို့၏ အစ်မ ဒေါ်ကျင်အေးသည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခွဲ့ခွဲ့ဝင်း (၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၄၀)၊ ရွှေနံ့သာလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးကျော်ဝင်း)–ဒေါ်အမာချိုတို့၏ ဒုတိယသမီး၊ ဦးကြည်ရှိန်(အငြိမ်းစားအင်/ယာ၊ MOGE)၏ ချစ်လှစွာသောဇနီး၊ ဒေါ်ရီရီဝေ–ဦးကြည်လွင်တို့၏ ချစ်လှစွာသောညီမ၊ ဦးခင်မောင်ဝင်း၊ ဒေါ်တင်တင်စိန် – (ဦးတင်ဝင်း)၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးခင်မောင်မြင့်–ဒေါ်ကြည်ကြည်စိန်၊ ဦးခင်မောင်ရီတို့၏ ချစ်လှစွာသော အစ်မ၊ တူ၊ တူမငါးယောက်တို့၏ အဒေါ် ဒေါ်ခွဲ့ခွဲ့ဝင်းသည် ၅–၁–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ် ပါမည်။

ကျန်ရစ်သူမောင်နှမတစ်စု။

ဦးဝင်းအောင်(၄၇)နှစ်

(Lucky Rose Video)

ဗိုလ်ချုပ်ဈေး

အမှတ်(၁၉)၊ ဝိသကြိုလမ်းသွယ်(၁)၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးကိုလေး–ဒေါ်အေးရှိန်)တို့၏သား၊ (ဦးမြင့်ဦး)၊ ဒေါ်ခင်ဌေး၊ ဦးဌေးမြင့်–ဒေါ်အေးတင့်၊ ဒေါ်ခင်အေးတို့၏ညီ/မောင်၊ ဒေါ်ခင်ထွေးရီ၊ ဦးကိုကိုကြီး၊ ဒေါ်ခင်ဆွေရည်၊ ဦးခင်မောင်ထွေး–ဒေါ်စန်းစန်းဝင်း(ကမ္ဘောဇဓာတ်ခွဲခန်း)၊ ဦးဇော်အောင်–ဒေါ်အေးအေးစန်းတို့၏ အစ်ကိုသည် ၅–၁–၂၀၀၄(တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာဒေါ်သန်းခင်(ခ)

Hilda Foke Toe

အသက်(၈၀)

(မော်လမြိုင်)

မော်လမြိုင်မြို့၊ သာယာကုန်းရပ်နေ (ဦးဖိုးတိုး–ဒေါ်ကြွေ)တို့၏သမီး၊ (ဒေါ်ထွဲရင်)၊ (ဒေါ်ထွဲခင်)၊(ဦးဝါတင်–ဒေါ်ညွှန့်)၊ (ဦးတင်မောင်–ဒေါ်တင်စွမ်)တို့၏ ညီမ၊ (ဒေါ်မြသန်း)၏ အစ်မ၊ ရန်ကုန်မြို့၊ ကန်တော်ကလေး(၈၇)လမ်း၊အမှတ်(၃၁)နေ ဦးမြင့်ဝေ၏ဇနီး၊ ဒေါ်စန်းစန်းမြင့်ဝေ (တရားရုံးချုပ်ရှေ့နေ)၏ မိခင်သည် ၄–၁–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၄၅ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယိကာမကြီး

ဒေါ်နုနု အသက်(၇၀)

(ပေါက်ကြီးကဖီး)

(သုံးဆယ်မြို့)

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးခင်အေး)၏ ဇနီး၊ (ဒေါ်သောင်းသောင်းနိုင်)၏ အစ်မ၊ ဦးခင်အောင်–ဒေါ်ဌေးဌေးဝင်း၊ ဦးမြထွန်း–ဒေါ်အေးအေး၊ (ကိုကျော်လွင်)၊ မခင်စန်းတင့်၊ ဦးအောင်မျိုးသက်–ဒေါ်မူမူခင်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၅–၁–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အရှေ့ရိုးကြီးသုသာန်သို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့်(၆၈)နှစ်

(မုဒုံ)

မုဒုံမြို့၊ ကျောင်းသစ်ရပ်၊ ရာဇာဓိရာဇ်လမ်းနေ (ဦးယုတင်–ဒေါ်ပု)တို့၏သမီး၊ (ဦးခင်ညို)၏ ဇနီး၊ ဗိုလ်ကြီးတင်ထွန်းအေး–ဒေါ်ခင်နွဲ့သွေး၊ ဗိုလ်မှူးမြတ်သူ–ဒေါ်ခင်ယုံ၊ ဗိုလ်အောင်သူ၊ မောင်မျိုးမင်းသူ–မကြည်ကြည်ခိုင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၁၈–၁၂–၂၀၀၃ ရက်တွင် ကျေးသီးမြို့နယ်၊ ဝမ်ဆင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀–၁၂–၂၀၀၃ ရက်တွင် ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခွဲ့ခွဲ့ဝင်း(၆၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၄၀)၊ ရွှေနံ့သာလမ်း၊(၃၇)ရပ်ကွက်၊ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးကျော်ဝင်း)–ဒေါ်အမာချိုတို့၏ ဒုတိယသမီး၊ ဦးကြည်ရှိန် (အငြိမ်းစားအင်/ယာ၊ MOGE)၏ ချစ်လှစွာသောဇနီး၊ ဦးစန်းရှိန်–ဒေါ်ဖြူဖြူရှိန်၊ ကိုကျော်စွာရှိန်တို့၏ ချစ်လှစွာသောမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၅–၁–၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ် ပါမည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းနိုင်(၅၈)နှစ်

ရဲတပ်ကြပ်ကြီး(ငြိမ်း)

(ယာဉ်ထိန်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ၃၉(အေ)ရပ်ကွက်၊သစ္စာ(၁၀)လမ်း၊အမှတ်(၈/၄၃)နေ ဒေါ်ကြည်အေး၏ ခင်ပွန်း၊ မောင်ခင်မောင်လှိုင်(မောင်ခင် မောင်ကြိုင်)၊ မချယ်ရီအေး(တာမွေစည်ပင်)၊ မရွှေစင်အေး၊ မောင်စိုးမိုးထက်–မသဲယဉ်အေးတို့၏ဖခင်၊ မောင်မိုးဟိဏ်းကျော်၊ မောင်အောင်ဘုန်းမြတ်တို့၏ အဘိုးသည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ရက်ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ဆွေ(ခ)ဆွေဆွေ

အသက်(၅၇)နှစ်

တိုက်(၄)၊အခန်း(၁၄)၊ပြည်တော်သစ်ရိပ်သာ၊ အောက်ပုဇွန်တောင်၊ရန်ကုန်မြို့နေ (ဦးဟန်တင်–ဒေါ်ခင်စောရီ)တို့၏ သမီး၊ (ဦးသန်း)၏ဇနီး၊ ဦးဇော်ဝင်း–ဒေါ်သင်းသင်းမွန်(ဒဏ္ဍာရီခရီးသွား လုပ်ငန်း)၊ ဦးဖုန်းသစ်၊ ဗိုလ်မှူးမောင်မောင်နီ (ငြိမ်း)–ဒေါ်ကေသီအောင်၊(ဒေါ်စုစုလွင်)၊ ဒေါ်ယုယုတင်(Yunan Co. Ltd)၊ ဒေါ်မြတ်မြတ်ထွေး(Panda Hotel)တို့၏ညီမ/အစ်မ၊ ကိုကောင်း ထက်(ခ)ဝေမှူးသွင်၊ မအိသီဂီမောင်၊ မသိမ့်ဝတ်ရည်မောင် (တ–နစ်၊စီးပွားရေး)၊ ကိုဇော်ဟိန်းထက် (Espace Avenir)၊ ဗိုလ်လောင်းဇော်မင်းထက်တို့၏ကြီးကြီး/အဒေါ်သည် ၅–၁–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဒေါက်တာတင်အေးမူ(ခ) Annie Thein Han

လက်ထောက်ဆေးရုံအုပ်(အလုပ်သမားဆေးရုံကြီး)

(သံတွဲ)

၃၁–၁၂–၂၀၀၃ရက်တွင် ကွယ်လွန်သွားသော ဒေါက်တာတင်အေးမူ(ခ) Annie Thein Han (လက်ထောက်ဆေးရုံအုပ်၊အလုပ်သမားဆေးရုံကြီး) နာမကျန်းဖြစ်စဉ်က လိုလေသေးမရှိ ဂရုတစိုက်ကုသပြုစုကူညီပေးခဲ့ကြသော အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးရုံးချုပ်မှ အကြီးအကဲများ၊ ဝန်ထမ်းများ၊ အလုပ်သမားဆေးရုံ အုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ကူညီပေးခဲ့ကြသူများ၊ ရပ်ဝေးရပ်နီးမှ ဖုန်း၊ e-Mail များဖြင့် ဝမ်းနည်းစာနာ သတင်းမေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ဖိတ်ရင်(ခ)ချုံဖေရုပ်

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၇၂)၊ လေးထပ်၊ ကမ်းနားလမ်း၊ လသာမြို့နယ်နေ (ဦးရန်ပင်း)၏ ဇနီး၊ ဦးကျော်မြင့်–(ဒေါ်ရှုခင်)၊ ဦးပီတာ–ဒေါ်ဘေဘီ၊ ဒေါ်ကြည်ကြည်ဝင်း–ဦးမြဦး၊ ကိုတင်စိန်၊ ဒေါ်အေးအေးဝင်း–ဦးဝင်းမြင့်၊ ဦးသံချောင်း–ဒေါ်နန်းနွေဦး၊ ဦးသန်းမြင့်–ဒေါ်ဘေဘီ၊ ဦးသန်းရွှေ–ဒေါ်ခင်စန်းမော်၊ (ကိုသန်းနိုင်)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၃ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၄–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၈–၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်ခင်မြင့်(၇၈)နှစ်

ရန်ကုန်မြို့နေ (ဦးဘမော်–ဒေါ်ဖွား)တို့၏သမီး၊ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်း (ဆသရ၊ အရာရှိရိပ်သာ)နေ ဦးမြင့်သိန်း၏ ဇနီး၊ ဦးကြီးမြင့်–ဒေါ်ခင်စန်းမြင့်၊ ဒေါ်မာမာမြင့်၊ ဗိုလ်မှူးမျိုးတင့်–ဒေါ်ချိုချိုမြင့်၊ ဦးမောင်မောင်ဆွေသိန်း – ဒေါ်ခင်သိန်းမြင့်၊ (ဒေါ်သန်းသန်းမြင့်)၊ ဦးမောင်မောင်သွင်–ဒေါ်မူမူမြင့်၊ ဦးမြတ်ကိုကို–ဒေါ်နှင်းနွယ်ပုတို့၏ မွေးသမိခင်၊ မဖြိုးစန္ဒာမျိုး၊ မောင်အောင်သီဟမျိုးတို့၏ အဘွားသည် ၅–၁–၂၀၀၄(တနင်္လာနေ့) နံနက် ၃း၄၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချိန်ဝှက်

အသက်(၇၅)နှစ်

(ကော့ကရိတ်)

ကော့ကရိတ်မြို့နေ (ဦးပန်းအေး–ဒေါ်ကြင်စိန်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ငွေကြာရံ၊ (၁၅)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ရင်စိန်)၏ ခင်ပွန်း၊ (ဦးတင်ဝင်း)၊ ဒေါ်ရင်ကြည်၏ အစ်ကို၊ ဒေါက်တာဦးမောင်မောင်ကြည်–ဒေါ်ခင်စန်းမြင့်(ခင်သူဇာလွင်–စိန်ရတနာဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဦးဇော်မြင့်–ဒေါ်မို့မို့ဝင်း(M.M.W Enterprise,Ltd)၊ ဦးသန်းအောင်–ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးဝင်းနိုင်–ဒေါ်ချိုချိုလင်း၊ (ဦးသီဟန်)၊ ဒေါ်နီနီလွင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုး ဦးချိန်ဝှက်သည် အထက်ပါနေအိမ်၌ ၅–၁–၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုရဲမှူးကြီးဦးထွန်းအောင်(ငြိမ်း)

အသက်(၇၄)နှစ်

(ဟင်္သာတ/မအူပင်)

မအူပင်မြို့၊ မင်းလမ်းနေ ဦးလက္ခဏာ–ဒေါ်ငယ်မတို့၏သား၊ (ဦးဘကျော်–ဒေါ်မမကြီး)တို့၏သားသမက်၊ (ဦးသိန်းဖေ–ဒေါ်လှရင်)၊ (ဦးစံမြင့်–ဒေါ်ခင်ကြည်)၊ ဦးမောင်မောင်(တိုင်းအားကစားမှူး–ငြိမ်း)–(ဒေါ်ခင်ရွှေ)တို့၏ မြေး၊ ဦးမြလှိုင်–(ဒေါ်မြင့်မြင့်သန်း)၊ ဦးကျော်မြင့်–ဒေါ်တင်စန်းတို့၏အစ်ကို၊ဟင်္သာတမြို့၊ဆေးရုံဟောင်းဖြတ်လမ်း၊အမှတ်(၈၆)နေ ဒေါ်နီနီ၏ခင်ပွန်း၊ (ဦးဝင်း)–ဒေါ်စန်းစန်းအောင်၊ ဦးအောင်နိုင်–ဒေါ်ကြည်ကြည်မြင့်၊ ဦးခိုင်ယု–ဒေါ်လှပန်အောင်၊ ဦးအောင်ခိုင် – ဒေါ်ကေလွင်ထွန်း (ဟင်္သာတတက္ကသိုလ်)၊ဒေါက်တာကျော်လင်းလင်း (ဟင်္သာတဆေးရုံ)တို့၏ ဖခင်သည် ၄–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီ တွင် တင်းတိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစံရင် (ငြိမ်း)

အသက်(၆၉)နှစ်

ဂုဏ်ထူးဆောင်

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်

မြောက်ဥက္ကလာပမြို့နယ်

ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ

ပဲခူးတိုင်း၊ဒိုက်ဦးမြို့နယ်၊ကျိုက်စကောကျေးရွာနေ (ဦးငွေသောင်–ဒေါ်စိန်ခင်)တို့၏ သား၊ (ဦးဘိုးထင်–ဒေါ်စိန်ရင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ဦးပုညလမ်း၊ (၁၇/၄/၈၄၅)နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ ဒေါ်ခင်စောမူ (ဒုထွေ/ဂျာ၊စိုက်ပျိုးရေးရုံးချုပ်)၊ ဒေါ်ဥမ္မာချို (စိုက်ပျိုးရေးရုံးချုပ်)၊ ဗိုလ်ကြီးခင်မောင်ကြည်(လ/ထ ညွှန်မှူး၊ နယ်စပ်/စည်ပင်)–ဒေါ်စောသီတာမြင့်၊ ဦးမင်းဇော် (စိုက်ပျိုးရေးရုံးချုပ်၊ မိတ္တူလုပ်ငန်း)–ဒေါ်မိုးသီတာ၊ ဦးတင်အောင်ကြည် (ဌာနစုမှူး၊စက်မှု–၁)တို့၏ ဖခင်၊ ဖြိုးမွန်မွန်ဦး၊ စုဝေဖြိုး၊ အိချွေခင်၊ ခင်ယုယသွင်တို့၏ အဘိုးသည် ၃–၁–၂၀၀၄ (စနေနေ့) ည၉နာရီတွင် ကွယ်လွန်ပါ၍ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်လွင် (၆၅)နှစ်

အမှတ်(၅၇၆)၊ ကေတုမတီလမ်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်းမြောက်ပိုင်း၊ မရမ်းကုန်းမြို့နယ်နေ (ဦးဖိုးကျင်–ဒေါ်နှင်းမြိုင်)တို့၏ သားကြီး၊ ဦးအေးသိန်း–ဒေါ်သန်းနွဲ့၊ ဦးမောင်စိုး–ဒေါ်ညို၊ ဦးကျင်သောင်း–ဒေါ်ခင်သိန်း၊ ဦးကျော်သောင်း– ဒေါ်လှပိုတို့၏ အစ်ကို၊ ဒေါ်ကျင်ရှိန်၏ ခင်ပွန်း၊ ကိုမြင့်ကျော်ဦး (မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)–မအေးသန်း၊ ကိုနိုင်နိုင်လတ်(နိုင်ငံခြားရေးဝန်ကြီးဌာန)–မသီတာလတ်၊ (မအေးမင်းသန်း)တို့၏ဖခင် ဦးမြင့်လွင်သည် ၄–၁–၂၀၀၄ရက် မွန်းလွဲ၁း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများနံနက်၁၁ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ညို(၇၉)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၁၄)လမ်း၊ အမှတ်(၁၁)နေ (ဦးကြွယ်–ဒေါ်မြရင်)တို့၏ သမီး၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၀၀၅)နေ ဦးလှစိန်–ဒေါ်ခင်မေ၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာနေ (ဦးမောင်ကြည်)–ဒေါ်သောင်းရင်တို့၏ညီမ၊ လှိုင်မြို့နယ်၊(၁၃)ရပ်ကွက်၊ အမှတ်(၂၁၈)၊ ဓမ္မသုခကျောင်းလမ်းသွယ်၊ လှိုင်ရဲစခန်းအနောက်နေ ဦးသောင်းစိန် (တကက၊ငြိမ်း၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့)၏ ဇနီး၊ ဦးတင်အောင်မိုး(စမ်းချောင်းရဲစခန်း)– ဒေါ်သင်းသင်းခိုင်၊ မခင်လှမျိုး (လှိုင်ချိုဇင်၊ဓာတ်ဘော်လီ)၊ ဒုတကကျော်မင်းစိုး(တပ်မတော်–ရေ)၊ ဦးအောင်မင်းစိုး (လက်ထောက် အင်ဂျင်နီယာ၊ လျှပ်စစ်၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန)တို့၏ မိခင်၊ မခိုင်သဇင်မိုး၏ ဘွားဘွားကြီးသည် ၄–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုတန်ယုစိန် (၄၂)နှစ်

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁၃)၊(၃–ထပ်)၊ လသာမြို့နယ်နေ ဦးစိန်ဝင်း–ဒေါ်ရပ်ချိုင်းဟာတို့၏ သားကြီး၊ မချိုဝင်း–ကိုဌေးလွင်၊ မချိုခင်၊ ကိုယုမောင်–မသီတာလှိုင်တို့၏ အစ်ကိုကြီး၊ မောင်မင်းဟန်ထွန်း၊ မမေမြတ်ခိုင်၊ မရွှန်းလဲ့ခိုင်၊ မောင်သက်ပိုင်ဦး၊ မောင်သက်လွင်ဦးတို့၏ဘကြီး ကိုတန်ယုစိန်သည် ၄–၁–၂၀၀၄ရက် ညနေ ၆း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄ရက် နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ သာသန

သိက္ခာတော် (၆၄)ဝါ၊ သက်တော် (၈၄)နှစ်

ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာရတ္တညူမဟာနာယက

ရွှေကျင်နိကာယ မဟာဗောဓိဂိုဏ်းထောက်ဆရာတော်

ရန်ကုန်တိုင်း၊သင်္ဃန်းကျွန်းမြို့နယ်၊ကျိုက္ကဆံအနောက်ရပ်ကွက်၊ ကျိုက္ကဆံရွှေကျင်တိုက်သစ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ (ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာရတ္တညူမဟာနာယက)ရွှေကျင်နိကာယ၊ မဟာဗောဓိဂိုဏ်းထောက်ဆရာတော် ဘဒ္ဒန္တ သာသန မဟာထေရ်မြတ်သည် ၁၃၆၅ခုနှစ်၊ပြာသိုလဆန်း ၁၂ရက်၊ ၃–၁–၂၀၀၄(စနေနေ့) နံနက်၁၀း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ရက်၊ ၇–၁–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်ဆင်ယင် ကျင်းပမည်ဖြစ်ပါသောကြောင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာ ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ မေဓာနန္ဒ မဟာထေရ်

သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

မြို့နယ်သံဃနာယက(ဟောင်း)

ဒဂုံမြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌ

ကျားကူးပရိယတ္တိစာသင်တိုက်တိုက်အုပ်ဆရာတော်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ကျားကူးပရိယတ္တိစာသင်တိုက်၊ တိုက်အုပ်ဆရာတော်၊ မြို့နယ်သံဃနာယက(ဟောင်း)၊ ဒဂုံမြို့နယ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ မေဓာနန္ဒမဟာထေရ်မြတ်သည် ၁၃၆၅ ခု ပြာသိုလဆန်း ၁၄ရက်၊၅–၁–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၆၅ခု ပြာသိုလဆုတ် ၃ရက်၊၉–၁–၂၀၀၄(သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌ သာဓုကီဠနအန္တိမအဂ္ဂိသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန အခမ်းအနားကို ကျားကူးပရိယတ္တိစာသင်တိုက်တွင်ကျင်းပပြီး ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်မြတ်နှင့်အတူ ကားများ ကျားကူးပရိယတ္တိစာသင်တိုက်မှ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။

နာယကဆရာတော်ကြီးနှင့်

တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊သိမ်၊ကျောင်း၊ ဇရပ်၊

ရဟန်း၊ဒါယိကာမကြီး

ဒေါ်ကြူ(၈၃)နှစ်

(မြိတ်)

မြိတ်မြို့၊ ရေပုန်းရပ်နေ (ဦးရှုဝမ်–ဒေါ်နီ)တို့၏ သမီးလတ်၊ (ဦးသန်အီ–ဒေါ်စိန်မျှင်)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)၊ ဓိဇဝါလမ်းနှင့် အိမ်ကြီးလမ်းထောင့်၊ ရေကျော်ရပ်နေ (ဦးကိုကြည်)၏ဇနီး၊ ဦးဌေးမြင့်– ဒေါ်ညိုညိုစိမ့်၊ ဦးဘမောင်ချိန်–ဒေါ်ခင်သန်းဝင်း၊ ဦးဘသန်းချိန်–ဒေါ်ခင်ဆွေဦး၊ ဦးသင်းနိုင်–ဒေါ်တင်တင်ဝေ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်စိုး (ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း၊ အလုံ)–ဒေါက်တာမေမေယု၊ဒေါက်တာသန်းဌေး–ဒေါက်တာစန်းစန်းသော် (မင်္ဂလာဆေးကုခန်း၊ ရေကျော်)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး၁၉ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားသည် အထက်ပါနေအိမ်၌ ၅–၁–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဟန်မြတ်မော်

အသက်(၅၆)နှစ်

တေးသံရှင်တက္ကသိုလ် မြတ်မော်

B.Econ (PD)

မြန်မာ့ရုပ်မြင်သံကြား

ဦးစီးအရာရှိ(ငြိမ်း)

(နတ်မောက်)

နတ်မောက်မြို့နေ (ဦးမြတ်မောင်–ဒေါ်ကြည်မြ)တို့၏ သားငယ်၊ရန်ကုန်မြို့၊ တိုက်(၂၈၉)၊ အခန်း(၂)၊ ရန်အောင်လမ်းသွယ်(၃) လမ်း၊ အရှေ့ရန်ကင်းနေ (ဦးစိန်လှမောင်–ဒေါ်ကြည်ကြည်)တို့၏ သားသမက်၊ ဦးဟန်ဇော်[အင်ဂျင်နီယာချုပ်(တံတား)] – ဒေါ်သွင်သွင်အေးမို [အင်ဂျင်နီယာမှူး (ဗိသုကာ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]၏ညီ၊ ဒေါ်သန်းသန်းဌေး(PanSeaHotal)၊ ဒေါ်ခင်ခင်စုတို့၏ အစ်ကိုကြီး၊ တစ်ခိုင်လုံးရွှေ အေးအေးမြင့်(အကနည်းပြဆရာမ)၏ ကျေးဇူးရှင်ဆရာခင်ပွန်း၊ မောင်မြင့်မြတ်မောင်(စတုတ္ထတန်း–A၊အမက–၁၊ဗဟန်း) ၏ ချစ်လှစွာသော ကျေးဇူးရှင်ဖေဖေ၊ မခိုင်ဝေဇော်၊ကိုလင်းမောင်ဇော်၊ မမေသွင်ဇော်တို့၏ ချစ်လှစွာသောဦးလေးသည် ၅–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၁–၂၀၀၄ရက်ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝီလျံမောင်မောင်(ခ)

ဦးဝင်းမောင်

(B.E Mining)

အသက်(၅၃)နှစ်

ဒု–လက်ထောက်ညွှန်ကြားရေးမှူး

(ငြိမ်း)

သတ္တုတွင်းဝန်ကြီးဌာန

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်(၂၀/၂၄)၊ အခန်း(၃၀၄)၊ ကွမ်းခြံ(၂)လမ်းနေ ဦးမောင်မောင် – ဒေါ်ဝင်းကြည်တို့၏ သားကြီး၊ ဦးအောင်မင်း–ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်ခင်စန်း၊ ဒေါ်စောမာ၊ ဦးမင်းမင်း၊ ဦးအောင်အောင်တို့၏ အစ်ကိုကြီး၊ မောင်အောင်မြတ်မင်း၊ မောင်ဟန်သူမင်း(IX -F ၊အထက–၂၊ ကမာရွတ်)၊ မနန္ဒာအောင်မင်းတို့၏ ဘဘကြီးသည် ၄–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသန်းထွေး(ညီဘုန်းထက်)

BA.(Eng)

အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၉၂)၊ (၁၀)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးလေးမောင်–ဒေါ်မြင့်မြင့်တို့၏သား၊အမှတ်(၃၁၈)၊ အောင်မေတ္တာလမ်းနေ (ဦးခင်ကျော်)–ဒေါ်ရီတို့၏ သားသမက်၊ မခင်ကျော့ရီ၏ခင်ပွန်း၊ မဇွန်ရတီ၏ ဖခင်သည် ၁–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃–၁–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကိုစည်သူဟန် (၃၁)နှစ်

အထက(၂)၊ ကမာရွတ်

ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ဗဟိုလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂၀)၊ အခန်း(၁၅/ပ)ထပ်နေ (ဦးရွှေသန်း)၊ ဦးသိန်းထွန်း(နယ်မြေ–၂၊ယာဉ်ထိန်းဌာနခွဲ–၂)–ဒေါ်မြသန်းနွယ်တို့၏ သားကြီး၊ ဦးရဲမြင့် (2nd Mate, HUB Line) – ရဲအုပ်သန်းသန်းနွယ် (အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ရုံး)၊ ဒေါ်အေးအေးကြွယ် (လယ်ယာ/ထွက်ကုန်)တို့၏ တူ၊ ကိုသန်းမော်၊ မတင်တင်ကျော် (စက်မှု–၁၊ဆေးဝါး)တို့၏ ချစ်လှစွာသောအစ်ကိုကြီးသည် ၄–၁–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆–၁–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာ–ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် (Special Envoy) H.E. Mr. Le Van Bang နှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon လည်း တက်ရောက်သည်။ (သတင်းစဉ်)

၂၀၀၂ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိသူများအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၅

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ၂၀၀၂ခုနှစ် ရွှေရတုမြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ရှေ့ မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါဂုဏ်ပြုပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ၂၀၀၂ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသော ရုပ်ရှင်အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ ၆နာရီတွင် ၂၀၀၂ခုနှစ် ရွှေရတု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသော ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရောက်ရှိလာရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရုပ်ရှင် အနုပညာရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

စာမျက်နှာ ၉ ကော်လံ ၅ သို့ ❈

ဘင်း(မ်)စတက်နိုင်ငံများ ဘောလုံးပြိုင်ပွဲ အသက်(၁၈)နှစ်အောက် မြန်မာအသင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၅

ဘင်း(မ်)စတက်နိုင်ငံများ အသက်(၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီလဆန်း၌ ထိုင်းနိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ အသက်(၁၈)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်ဟု သိရသည်။

အာဆီယံ အသက်(၁၈)နှစ်အောက် ချန်ပီယံ မြန်မာလူငယ်အသင်းမှ ထွန်းထွန်းလင်း၊ စိုးပိုင်ဖြိုး၊ ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ အောင်ဇော်မျိုး၊ ကျော်ဇေယျာမင်း၊ ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ မာလ၊ စည်သူဝင်း၊ ထွန်းမင်းဦး၊ ဝင်းမင်းထွဋ်၊ ကျော်ကျော်စိုး၊ အေးမင်းထွန်း၊ အောင်ထွန်းလင်း၊ ကျော်ဇင်ဝင်း၊ နိုင်ဝင်း၊ အောင်လတ်သူ၊ မင်းမင်းထွန်း၊ ဘိုဘိုအောင်နှင့် စည်သူမောင်တို့အပြင် အောင်ကျော်ထွန်း၊ ဇော်ဇော်ဆန်းဒေးသိန်း၊ ထွန်းထွန်းဝင်း(၂)၊ ကျော်မင်းလှိုင်(ဂိုး)၊ ဇော်မျိုးမင်းနှင့် ကျော်ကျော်စိုးတို့ ခုနစ်ဦးကို ထပ်မံအားဖြည့်ကာ လေ့ကျင့်လျက်ရှိသည်။ **(ယာပုံ)**

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✡